မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၃)

ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(အောက်ပုံ) (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၉ ကော်လံ ၆* ●

နိုင်ငံတော်ဖွံ့ဖြိုးရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

နယ်စပ်ဒေသများ ပိုမို ဖွံ့ဖြိုးတိုးတက်လာရေး ဘက်စုံစိုက်ပျိုးမွေးမြူရေး တိုးမြှင့်ဖော်ဆောင်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလူမျိုးများအားလုံး၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားစေရေးအတွက် နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အသီးသီး၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးလျက်ရှိသည်။ ထို့ကြောင့် တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးပွားကာ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပိုမိုဖြစ်ထွန်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန် ရရှိနေပြီဖြစ်သည်။

ကချင်ပြည်နယ် ခေါင်လန်ဖူး၊ ပန်နန်းဒင်၊ နောင်မွန်၊ ဒေါ့ဖုန်းယန်၊ ဆင်ဘိုမြို့တို့နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ နန်းယွန်း၊ ပန်ဆောင်၊ တနိုင်း၊ ရှင်ဗွေယန်မြို့တို့သည် နယ်စပ်အစွန် အဖျားရှိ မြို့များဖြစ်ကြသည်။

ယင်းဒေသများတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ ကောင်းမွန်ရေး အပါအဝင်ဒေသ၏ လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းပေးလျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများကို တွေ့မြင်နေရပြီဖြစ်သည်။

ပန်ဆောင်ဒေသနှင့် ဆက်သွယ်နေသည့် ကားလမ်းများ ရာသီမရွေးသွားလာနိုင် သည်နှင့်အမျှ တစ်ဖက်နိုင်ငံနှင့် ဆက်စပ်၍ စီးပွားကုန်သွယ်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သည်။

တနိုင်းမြို့နယ်သည် ရေမြေရာသီဥတုကောင်းမွန်ပြီး မြေလွတ်မြေရိုင်းများ ပေါများ သဖြင့် တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များ လာရောက်၍ ဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြစ်ကြီးနား-တနိုင်း ကားလမ်းတစ်လျှောက်ရှိ မြေလွတ်မြေရိုင်းများတွင် ကြံ၊ ပီလောပီနံနှင့် ဒေသနှင့်ကိုက်ညီ ဖြစ်ထွန်းသည့် သီးနှံများစိုက်ပျိုးရေး စတင် လုပ်ကိုင်ဆောင်ရွက်နေကြပြီ ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စုကြီး တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအလိုက်၊ ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် စီးပွားရေး လုပ်ငန်းရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ ဘက်စုံစိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဖော်ဆောင်နိုင်ရေး ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် ၄ ရပ် ဖော်ဆောင် ပုဂ္ဂလိကပိုင်းမှ နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း လုပ်ငန်းများ မှန်မှန်ကန်ကန်ဆောင်ရွက်ရန်လိုအပ်

နေပြည်တော် အောက်တိုဘာ ၂၂

အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ပင်လယ်ရေကြောင်းကုန်သွယ်ရေး၊ နယ်စပ်ဒေသကုန်သွယ်ရေးနည်းလမ်းတို့ အရ ပို့ကုန်/သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသော ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်၁၀နာရီမိနစ်၄၀က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

တွေ့ဆုံဆွေးနွေးပွဲတွင် မွေးမြူရေး နှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဆက် သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန် လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်း၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့က နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်(၄)ရပ်ကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ပုဂ္ဂလိကပိုင်းမှ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပြီး နိုင်ငံ တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်း များ မှန်မှန်ကန်ကန် ဆောင်ရွက်သွား ကြရန်လိုအပ်ကြောင်းတို့ကို အကျယ် တဝင့် ဆွေးနွေးပြောကြားကြသည်။

ပြန်လည်ဆွေးနွေး

ယင်းနောက် တက်ရောက်လာကြ သော ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ က တင်ပြဆွေးနွေးကြရာ ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော် ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃-လမ်း မှတ်တိုင်အနီး)တွင် အမှတ်(၉၈၅) ဧကရာဇ်လမ်း ၄ ရပ်ကွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဦးစုဝမ်နှင့်ဦးသူရိယတို့အား ရည်စူး၍ ဒေါ်အေးကြည်မိသားစုက ငွေကျပ် တစ်သိန်းကို အတွင်းရေးမှူးဦးစိုးမြတ်အောင်ထံပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၃-၁၀-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၃၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	မိုးလေဝသသတင်း
၆:၃၅	၁၁။	လျှပ်တစ်ပြက်
၇:၀၀	၁၂။	ရုပ်မြင်သံကြားဇာတ်လမ်း - **သားကောင်းမိခင် အပိုင်း(၁) (၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း လွင်မိုး၊ နေတိုး၊ထွန်းထွန်း၊ စိုင်းစိုင်း ခမ်းလှိုင်၊ စိုးမြတ်သူဇာ၊ ပုလဲဝင်း၊ ပန်းဖြူ၊ သက်မွန်မြင့် ဒါရိုက်တာအကယ်ဒမီပန်းချီစိုးမိုး**
၈:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။	မေးမြန်းစူးစမ်း
	၁၆။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘက်မတူတဲ့ တက်လူ အပိုင်း(၁၅)**

ပုညာရာမဆရာတော် တရားစခန်းပွဲများ

ရန်ကုန် အောက်တိုဘာ ၂၂

သာကေတမြို့နယ် နဝရတ်လမ်း ပုညာရာမ ကျောင်းတိုက် မိုးကုတ် ဝိပဿနာဓမ္မရိပ်သာ၏ ပဓာန နာယက မိုးကုတ်နယ်လှည့်ဓမ္မကထိက အရှင် ပုညာနန္ဒ(ဗဟုဇနဟိတဓရဓမ္မကထိက) သည် အောက်တိုဘာ၂၀ရက်မှ နိုဝင် ဘာ၄ရက်အထိ ပုညာရာမ မိုးကုတ် ရိပ်သာ၌ လည်းကောင်း၊ နိုဝင်ဘာ ၅ ရက်မှ ၁၄ ရက်အထိ နတ်မောက် လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ၁၀ရက်တရားစခန်း၌လည်းကောင်း သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပာဒ်တရား တော်များကို ဟောကြားမည်ဖြစ်ရာ ကျောင်းတိုက် ဖုန်း-၅၄၇၄၅၁နှင့် အဖွဲ့ ချုပ်ဖုန်း-၅၄၁၈၆၀တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။

(က-ပ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပုလဲ ကွန်ဒို အမှတ် ၁၀/၀၈(ဘီ)နေ ဦးဘင် ချိန်-ဒေါ်ခင်ခင်ဝင်းမိသားစုတို့က ဒေါ်ခင်ခင်ဝင်း၏ မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးတည် ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်း ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်း စဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၀-၂၀၀၆ (တနင်္လာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ပျိုမေတို့လှစေဖို့(အပိုင်း-၂)
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	MRTV-4 ကျန်းမာရေးကဏ္ဍ (ဒေါက်တာစောဝင်းနှင့် တွေ့ဆုံခြင်း)
၇:၅၀	တေးဂီတအစီအစဉ်
၇:၅၅	ကွန်ရက်ပမာယုက်သွယ်ဖြာ
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	ပြည်တွင်းသတင်းအကျဉ်း
၈:၂၀	(Yangon Panorama) (ဘိုဖြူ၏တေးစီးရီးမိတ်ဆက်ပွဲ)
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	"စိတ်"မှစတဲ့ သုံးထပ်ကွမ်း အကယ်ဒမီဆုရှင်"ဝါဝါဝင်းရွှေ"
၉:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၀	Celebrity °Style (ဂန္ထဝင်နှင့် တွေ့ဆုံခြင်း)
၁၀:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	အပန်းဖြေစရာ ရန်ကုန်မြစ်တွင်းမှာ
၁၀:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	ချည်ခင်ချည်မျှင် ပိတ်စအသွင်
၁၁:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅	လွယ်ကူသက်သာမြန်မာ့ဟင်းလျာ (ရဲယိုရွက်နှင့် ငါးခူစဉ်းကောဆီပြန်ဟင်း)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ရော်ဘာနှင့်စပါးစိုက်ခင်း ကြည့်ရှုစစ်ဆေး ပုံပါကျင်မြို့နယ်ရေရရှိရေးလုပ်ငန်းအသုံးပြုရန် အလှူငွေပေးအပ် နားတောင်းမှုကျေးလက်ဆေးပေးခန်း အဆောက်အအုံဖွင့်ပွဲတက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံ-တာချီလိတ်-မိုင်းဆတ်ကားလမ်းအတိုင်း လမ်းကြောင်းအခြေအနေနှင့် လမ်းဘေးဝဲယာတစ်လျှောက် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများနှင့် အခြားသီးနှံများ ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး မိုင်းဆတ်မြို့နယ် ဝမ်ဟုန်ဒေသသို့ရောက်ရှိကာ ဝမ်ဟုန်ဒေသ စိုက်ပျိုးထားသော ရော်ဘာစိုက်ခင်းများ၊ ရော်ဘာပျိုးပင်များနှင့် ရွှေရင်အေး စမ်းသပ်မျိုးစပါးစိုက်ကွက်များ ဖြစ်ထွန်းအောင်မြင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညွှန်ကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တိုးချဲ့စိုက်ပျိုး

မိုင်းဆတ်မြို့နယ် ဝမ်ဟုန်ဒေသ၌ ရော်ဘာပင်စုစုပေါင်း သုံးသိန်းကျော် စိုက်ပျိုးထားရှိပြီး ပျိုးပင်၁၂သိန်းကျော် ပျိုးထောင်ထားရှိ၍ ဆက်လက်တိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

တိုင်းမှူးသည် အောက်တိုဘာ ၁၀ရက်နံနက်ပိုင်းတွင် မိုင်းတုံ-ပုံပါကျင် ကားလမ်းအတိုင်း လမ်းတံတား အခြေအနေများနှင့် လမ်းဘေး ဝဲယာတစ်လျှောက်ရှိ မိုးစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ပုံပါကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် ဒေသဝမ်းစာဖူလုံရေးကို ကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက် တိုင်းမှူးက ပုံပါကျင်မြို့နယ် ရေရရှိရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ငွေကျပ် ၆၀၀၀၀၀ ကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ခိုင်ထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် ပုံပါကျင်မြို့နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးပြီး မြို့နယ်အထွေထွေရောဂါကု ဆေးရုံတည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုင်းမှူးသည် အောက်တိုဘာ ၁၁ရက် နံနက်ပိုင်းတွင် နယ်မြေခံ တပ်ရင်းခန်းမ၌ တပ်နယ်မှအရာရှိ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ မှာကြားပြီး စားသောက်ဖွယ်ရာများ၊ ကျောင်းဝတ်စုံများနှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မိုင်းတုံမြို့နယ် ဆရာဝန် ဒေါက်တာယုဝေက နားတောင်းမှုကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီးနောက် ကျေးရွာဥက္ကဋ္ဌ ဦးလှမောင်က ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း တည်ဆောက်ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

စာရွက်စာတမ်း

ထို့နောက် နားတောင်းမှုကျေးရွာ ဥက္ကဋ္ဌ ဦးလှမောင်က ဆေးပေးခန်း အဆောက်အအုံနှင့်ဆိုင်သော စာရွက်စာတမ်းများကို ပေးအပ်ရာ မြို့နယ်ဆရာဝန် ဒေါက်တာယုဝေက လက်ခံရယူသည်။

လက်ခံ

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ကြူကြူလှက ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းအတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ သူနာပြုဆရာမ ဒေါ်နှင်းဖြူက လက်ခံသည်။

ဖဲကြိုးဖြတ်

ထို့နောက် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းအဆောက်အအုံကို ကျေးရွာဥက္ကဋ္ဌ ဦးလှမောင်နှင့် မြို့နယ်ဆရာဝန် ဒေါက်တာယုဝေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီးနောက် တိုင်းမှူးက ဆေးပေးခန်းတွင် အသုံးပြုရန်အတွက် ဆေးဝါးများကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်တိုဘာ ၂၂ရက်က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသသည့် မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆တွင် ဖိတ်ကြားထားသော စီးပွားရေးလုပ်ငန်းရှင်များ ကြည့်ရှုလေ့လာကြစဉ်။

(မြန်မာ့အလင်း)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ညီလာခံနားရက် ရွှေတိဂုံစေတီတော်မြတ်ကြီးဖူးမြော် အမျိုးသားပြတိုက် သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏စီစဉ်မှုဖြင့် အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယမန်နေ့(စနေနေ့)က ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အမျိုးသားပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ကြိုဆို

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ ဗိုလ်မှူးမြင့်ထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၆နာရီတွင် မော်တော်ယာဉ်များဖြင့် ညောင်နှစ်ပင်စခန်းမှ ထွက်ခွာကြပြီး နံနက် ၇နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး ပရဝဏ်သို့ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးမင်းထွဋ်နှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးမင်းထွဋ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဂေါပကအဖွဲ့အတွင်းရေးမှူးဦးဝင်းကြိုင်က ရွှေတိဂုံစေတီတော်မြတ်ကြီး၏သမိုင်းအကျဉ်းနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှုများနှင့် ဆက်လက်ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီး ထာဝရ ဘက်စုံပြုပြင်မွမ်းမံ နိုင်ရန်အတွက် စုပေါင်းလှူဒါန်းငွေကျပ် ၂၂၅၄၆၀ကို ပေးအပ် လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင် ဦးမင်းထွဋ်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး လှူဒါန်းမှုအတွက် သာဓုသုံးကြိမ် ခေါ်ဆိုကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရွှေတိဂုံစေတီတော် အထက်ပစ္စယာရှိ ပတ္တမြား

ခရစ်ယာန်ဘာသာဝင်အမျိုးသား ညီလာခံကိုယ်စားလှယ်များ မင်္ဂလာဒုံမြို့နယ်ရှိ ရှင်ဂျော့ဂျ်အင်္ဂလီကန် ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းကြစဉ်။

(သတင်းစဉ်)

မျက်ရှင်ဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုပြီး ဂြိုဟ်တိုင်များရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်၍ ဆီမီးနှင့် အမွှေးတိုင်များဖြင့် ကပ်လှူပူဇော်ကြကာ ရင်ပြင်တော်ရှိ စေတီတော်ဂေါပကအဖွဲ့အရောင်းဆိုင်များ၌ ပြက္ခဒိန်၊ ပုံတော်၊ ဘာသာရေးစာအုပ်များနှင့် မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါးဗွီစီဒီ၊ ဒီဗွီဒီခွေများကို ဝယ်ယူကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နုမြဲ၊ ပြတိုက်မှူး ဒေါ်မိမိသက်နွယ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နုမြဲက သီဟာသနပလ္လင်ပြခန်း၊ တိုင်းရင်းသားလူမျိုးများ ယဉ်ကျေးမှုပြခန်းနှင့် ဗုဒ္ဓဆင်းတုတော်ပြခန်းတို့ကိုလည်းကောင်း၊ ပြတိုက်မှူး ဒေါ်မိမိသက်နွယ်က ရတနာပုံခေတ်ပြခန်းနှင့် မြန်မာအက္ခရာနှင့်လက်ရေးမှု ပြခန်းတို့ကိုလည်းကောင်း၊ လက်ထောက်ပြတိုက်မှူး ဒေါ်ဌေးဌေးဆွေက မင်းခမ်းတော်ပစ္စည်းပြခန်း၊ မြန်မာသမိုင်းမတင်မီခေတ်နှင့် သမိုင်းတင် ခေတ်ဦးပြခန်း၊ သဘာဝသမိုင်းပြခန်းနှင့် မြန်မာနိုင်ငံသမိုင်းတင်ခေတ်ပြခန်းတို့ကိုလည်းကောင်း၊ လက်ထောက်ပြတိုက်မှူး ဒေါ်သင်းသင်းအေးက မြန်မာ့ရိုးရာကျေးလက်အနုပညာပြခန်းနှင့် မြန်မာဝါဂီနစ် ပြခန်းတို့ကို လည်းကောင်း၊ တာဝန်ရှိသူများက မြန်မာ့ရှေးဟောင်း အဆင်တန်ဆာပြခန်း၊ မြန်မာ့ပန်းချီ ခန်းမဆောင်တို့ကိုလည်းကောင်း အသီးသီး လိုက်လံရှင်းလင်းပြသရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ကြည့်ရှုလေ့လာကြပြီး နံနက် ၁၀နာရီတွင် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ဝတ်ပြုဆုတောင်း

ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ ရှင်ဂျော့ဂျ် အင်္ဂလီကန် ဘုရားရှိခိုးကျောင်းသို့ သွားရောက်ကြပြီး ဝတ်ပြုဆုတောင်းကြသည်။

(သတင်းစဉ်)

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် မသိုးရွှေကြာသင်္ကန်းကပ်လှူပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ဒသမအကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲကို စေတီတော်ရင်ပြင်တော်၌ နိုဝင်ဘာ ၃ရက် (တန်ဆောင်မုန်းလဆန်း ၁၄ရက်) ညနေ၄နာရီခွဲတွင် ဖွင့်ပွဲအခမ်းအနားကျင်းပပြီး ရက်ကန်းစင်ခုနစ်စင်မှ စတင်ရက်လုပ်ပြီး နိုဝင်ဘာ ၄ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက်၄နာရီတွင် ရက်လုပ်ပြီး ရွှေကြာသင်္ကန်းများကို ရုပ်ပွားတော်ကြီးခြောက်ဆူ၊ မတ်ရပ်တော် ၂၁ဆူနှင့် နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များအား အလှူရှင်များ၊ ဒွေ့ပရိသတ်များနှင့် ဝတ်အသင်းအဖွဲ့များက ကပ်လှူပူဇော်ကြမည်ဖြစ်သည်။

ထို့ပြင် ယင်းနေ့နံနက် ၈နာရီခွဲတွင် အာရုံခံတန်ဆောင်းကြီး အပေါ်ထပ်၌လည်း သာမညဖလအခါတော်နေ့ အခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကင်းအရိယာဓမ္မာရုံမဟာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကင်း မိုးကောင်းဘုရား ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း(အရိယာဓမ္မာရုံ)၏ (၅၉) ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့(နိုဝင်ဘာ ၄ရက်)စနေနေ့ မွန်းလွဲ၁နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ဝိဇ္ဇာမဂ္ဂင်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကောဝိဒ (သာသနဓဇ ဓမ္မာစရိယ) ဆရာတော် အမှူးထား၍ ရန်ကင်းမြို့နယ်အတွင်းရှိ ကျောင်းတိုက် ၁၂ ကျောင်းမှ ပင့်သံဃာတော်များအား ပင့်ဆောင်ပြီး ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်သည်။ အဆိုပါနေ့တွင် ဝိဇ္ဇာမဂ္ဂင်ကျောင်းတိုက် ဆရာတော်က စတုဘုမ္မိကနိဿယဖြင့် ဝိပဿနာတရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

တရုတ်စက်မှုထုတ်ကုန်များထုတ်လုပ်မှု ပထမကိုးလအတွင်း ၁၇ ရာခိုင်နှုန်းကျော်မြင့်တက်

ပေကျင်း အောက်တိုဘာ ၂၂

တရုတ်နိုင်ငံ၏ စက်မှုထုတ်ကုန်များသည် ၂၀၀၆ ခုနှစ် ပထမကိုးလတွင် တရုတ်ယွမ် ၆ ဒသမ ၂၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၇၇၇ ဒသမ ၇၆) ဘီလီယံရှိကြောင်း၊ ယမန်နှစ် အလားတူကာလကထက် ၁၇ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ပြောကြား

စက်မှုထုတ်ကုန်မှာ စက်တင်ဘာလ တစ်လတည်းပင် တရုတ်ယွမ် ၇၇၇ ဒသမ ၄ ဘီလီယံရှိခဲ့ရာ ၁၆ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အောက်တိုဘာ ၁၉ ရက်က တရုတ်အမျိုးသားစာရင်းအင်းဗျူရိုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ယင်းအဖွဲ့၏ စာရင်းဇယားအရ အကြီးစားစက်မှုလုပ်ငန်းမှ ၁၈ ဒသမ ၂ ရာခိုင်နှုန်းနှင့် အသေးစား စက်မှုလုပ်ငန်းမှ ၁၄ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

မြင့်တက်

တရုတ်နိုင်ငံသည် ထိုကာလအတွင်း လျှပ်စစ်ထုတ်ကုန် ၁၂ဒသမ၉ ရာခိုင်နှုန်း၊ ကျောက်မီးသွေး ၁၁ ဒသမ ၇ ရာခိုင်နှုန်း၊ သံမဏိရိုင်း ၁၈ ဒသမ ၄ ရာခိုင်နှုန်း၊ သံမဏိအချော ၂၃ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ထုတ်လုပ်မှု

ကွန်ပျူတာ ထုတ်လုပ်မှုမှာ ၃၄ ဒသမ ၇ ရာခိုင်နှုန်း၊ ကားထုတ်လုပ်မှု ၄၁ ဒသမ ၅ ရာခိုင်နှုန်းနှင့် ယာဉ်အားလုံးထုတ်လုပ်မှုမှာ ၂၄ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ပနားမားတူးမြောင်း

ပနားမားနိုင်ငံရှိ သက်တမ်း ၉၂နှစ်ရှိနေပြီဖြစ်သော ပနားမားတူးမြောင်းအား အောက်တိုဘာ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စားသောက်ကုန်များ ဘေးကင်းမှုရှိစေရေး စင်ကာပူ၌ စီမံဆောင်ရွက်

စင်ကာပူ အောက်တိုဘာ ၂၂

စင်ကာပူနိုင်ငံသည် စားသောက်ကုန်များအား သုံးစွဲသူများ ယုံကြည်မှုရရှိစေရန်သော်လည်းကောင်း၊ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရန်သော်လည်းကောင်း မျှော်မှန်း၍ အစားအစာများ လုံခြုံဘေးကင်းမှုရှိစေရန် စံချိန်မီသတ်မှတ်ရေး စီမံကိန်းသစ် စတင်ဆောင်ရွက်လျက်ရှိသည်။

ထုတ်ပြန်

စင်ကာပူနိုင်ငံသည် အရှေ့တောင်အာရှတွင် နိုင်ငံတကာ အသိအမှတ်ပြု အစားအစာဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှုနည်းပညာ (အိုင်အက်စ်အို ၂၂၀၀၀) လက်မှတ် ပထမဆုံးရရှိခဲ့သော နိုင်ငံဖြစ်ကြောင်း နယူးအာရှသတင်းဌာနက အောက်တိုဘာ၁၉ရက်တွင် ထုတ်ပြန်သည်။

ဖွင့်လှစ်ပေးမည်

အဆိုပါ အစားအစာ လုံခြုံဘေးကင်းရေး အသိအမှတ်ပြု စီမံကိန်းကို ပြည်တွင်းရှိ အစားအစာအားလုံးအတွက် စံချိန်မီစီမံကိန်းများကို ဆောင်ရွက်ကြရန် ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း ၎င်းသတင်းဌာနကဆက်လက်ဖော်ပြသည်။

တင်ပို့

ယခုအခါ စင်ကာပူနိုင်ငံ၏ စားသောက်ကုန်ထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်မှအကြမ်းဖက်တိုက်ခိုက်မှုများ ပြည်တွင်းစစ် ဦးတည်နိုင်ဟု သတိပေး

ကိုင်ရို အောက်တိုဘာ ၂၂

အီရတ်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများက ပြည်တွင်းစစ်ကို ဦးတည်သွားနိုင်ကြောင်းဖြင့် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အဘူဂိတ်က အောက်တိုဘာ ၁၉ရက်က သတိပေးလိုက်ကြောင်း မီနာသတင်းဌာနက ပြောကြားသည်။

အီဂျစ်နိုင်ငံသည် အီရတ်နိုင်ငံအတွင်းနောက်ဆုံးဖြစ်ပေါ်ပြောင်းလဲမှုများကို မျက်ခြည်မပြတ်စောင့်ကြည့် အကဲခတ်လျက်ရှိကြောင်း၊ အီရတ်နိုင်ငံမှာ အခြေအနေပိုမိုဆိုးရွားလာခြင်းအပေါ်များစွာစိုးရိမ်မကင်းဖြစ်ကြောင်း အီဂျစ် နိုင်ငံခြားရေးဝန်ကြီး အဘူဂိတ်က ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံ မက္ကာ၌ တွေ့ဆုံဆွေးနွေးနေကြသည့် အီရတ် ဆွန်နီနှင့် ရှီးယိုက် ခေါင်းဆောင်များအနေဖြင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းကြရန် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အဘူဂိတ်က တိုက်တွန်းလိုက်ပြီး မက္ကာအစည်းအဝေးက အီရတ်နိုင်ငံ၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပြန်လည်ဖော်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံးဆွဲအိတ်

တရုတ်နိုင်ငံ တောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ် ကွမ်ကျိုးပို့ကုန်ပစ္စည်းပြပွဲ၌ အောက်တိုဘာ ၁၅ ရက်က ကမ္ဘာ့အကြီးဆုံး လက်ဆွဲအိတ်ကြီးကို တွေ့ရခြင်းဖြစ်သည်။ ယင်းအိတ်ကြီးမှာ အမြင့် ၅ ပေ ၉ လက်မ၊ အထူ ၁ ပေနှင့် ၆ လက်မရှိကြောင်း သိရသည်။ (ယာပုံ) (အင်တာနက်)

စစ်တုရင် ၂၅ ပွဲ တစ်ပြိုင်တည်းကစား

ရုရှားနိုင်ငံမှ ကမ္ဘာ့စစ်တုရင်ချန်ပီယံဟောင်း အနာတိုလီကာပေါ့သည် မက္ကဆီကိုစီးတီးရှိ အမျိုးသားတက္ကသိုလ်မှ ကျောင်းသားများနှင့် စစ်တုရင်ပွဲ ၂၅ ပွဲကို တစ်ဦးတည်းဖြင့် တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားနေခြင်းဖြစ်သည်။ (ဝဲပုံ)

(အင်တာနက်)

ထိုင်း၌ မာရှယ်လောရုပ်သိမ်းရေး မဖြစ်နိုင်သေး

ဂျကာတာ အောက်တိုဘာ ၂၂

အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုက ထိုင်းဝန်ကြီးချုပ် စူရာယုဒ်ချူလာနွန်အား ထိုင်းနိုင်ငံတွင် မာရှယ်လောဥပဒေပြဋ္ဌာန်းထားမှုကို မြန်နိုင်သမျှမြန်အောင် ရုပ်သိမ်းရန် တိုက်တွန်းလိုက်သည်။

ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၁၉ ရက်က အာဏာသိမ်းခဲ့ပြီး တစ်လပြည့်ခဲ့ပြီဖြစ်သော်လည်း မာရှယ်လောဥပဒေကို ရုပ်သိမ်းရန်မှာ မဖြစ်နိုင်သေးကြောင်း ထိုင်းဝန်ကြီးချုပ် စူရာယုဒ်ချူလာနွန်က အင်ဒိုနီးရှားသမ္မတအား ပြောကြားခဲ့သည်။

ငြိမ်းခြောက်

ထိုင်းနိုင်ငံတွင် လုံခြုံရေး ငြိမ်းခြောက်မှုများရှိနေ၍ မာရှယ်လော ဥပဒေကို နောက်ထပ်တစ်လတိုးမည်ဖြစ်ကြောင်း၊ မကြာမီက ၎င်းက ပြောကြားခဲ့သည်။

အဆိုပါမာရှယ်လောဥပဒေ အမြန်ရုပ်သိမ်းရန် စီးပွားရေး အသိုင်းအဝိုင်းများက တိုက်တွန်းထားကြောင်း သိရသည်။

ထိုင်းဝန်ကြီးချုပ်သည် အောက်တိုဘာ၂၁ရက်က ဂျကာတာသို့ တစ်ရက်တာခရီးအဖြစ်လာရောက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဥဇဘက်ကစ္စတန်၌ လေယာဉ်ပျက်ကျ လိုက်ပါသွားသူ၁၅ဦးသေဆုံး

နယူးယောက် အောက်တိုဘာ ၂၂

အာရှအလယ်ပိုင်း ဥဇဘက်ကစ္စတန်နိုင်ငံ၌ အောက်တိုဘာ ၁၉ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်တွင်လိုက်ပါသွားသော ခရီးသည် ၁၅ဦးသေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြသည်။

အင်ဂျင်တစ်လုံးတပ် အဆိုပါ အန်–၂ လေယာဉ်သည် တက်ရှ်ကင့်မြို့အနီး လေဆိပ်သို့ ဆင်းရန် ကြိုးစားစဉ် ပျက်ကျသွားခြင်း ဖြစ်ကြောင်း ရိုက်တာက ဆက်လက်ဖော်ပြထားသည်။ **အမ်အင်အေ၊ရိုက်တာ**

အင်ဒိုနီးရှားမြို့နှစ်မြို့၌ လျှပ်စီး

ဂျကာတာ အောက်တိုဘာ ၂၂

အင်ဒိုနီးရှားနိုင်ငံ ပါပူရာမြို့နှင့် ဂျရပူရာမြို့တို့၌ အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်း၌ ရစ်ချ်စတာ စကေး၅ ဒသမ၃ရှိ အင်အားအသင့်အတင့်ရှိသော ငလျင်တစ်ခုလှုပ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုစာရင်းဇယားကို အသေးစိတ်မသိရှိရသေးပေ။

ယင်းငလျင်သည် ဂျရပူရာမြို့၌ မွန်းလွဲ၂နာရီ ၃၉မိနစ်က ဖြစ်ပွားခဲ့ရာ ဒေသနေအိမ်များ၊ ရုံးအဆောက်အအုံများနှင့် ဆိုင်များ ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း အန်တာရာသတင်းဌာနက ဖော်ပြသည်။

ဂျရပူရာမြို့ အရှေ့ပိုင်း အရှေ့လတ္တီတွဒ် ၆ဒီဂရီနှင့် တောင်လောင်ဂျီတွဒ် ၂ဒသမ ၅၂ဒီဂရီနှင့် ပင်လယ်ရေမျက်နှာပြင်အောက် ၃၃ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗီယက်နမ်အလယ်ပိုင်းလမ်ဒေါင်းပြည်နယ်၌ ဘဲငန်းများ အမည်မသိရောဂါဖြင့် သေဆုံး

ဟန္နိုင်း အောက်တိုဘာ ၂၂

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းလမ်ဒေါင်းပြည်နယ် ကုန်းမြင့်ဒေသ၌ ဘဲငန်းများ အမည်မသိရောဂါဖြင့် ရာချီသေဆုံးခဲ့ကြောင်း ဗီယက်နမ် နယူးစ်အေဂျင်စီက အောက်တိုဘာ ၁၉ရက်က သတင်းထုတ်ပြန်ခဲ့သည်။

ဒပ်ထရောင့်ခရိုင်ရှိ မွေးမြူရေးခြံတစ်ခြံ၌ အဆိုပါဘဲငန်းများ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတို့ ဦးခေါင်းနှင့် မျက်စိများတွင် ရောဂါလက္ခဏာများတွေ့ရသော်လည်း မည်သည့်ရောဂါဖြစ်သည်ကို မသိရသေးကြောင်း ၎င်းသတင်းတွင် ဆက်လက်ဖော်ပြသည်။

အဆိုပါရောဂါမှာ ဗီယက်နမ်၌ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများအခြေအနေ တိုးတက်လာချိန်တွင် အောက်တိုဘာလ၌ ရောဂါဆန်းတစ်မျိုးဖြစ်လာကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ တိရစ္ဆာန်ကျန်းမာရေးဦးစီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့သတင်းအကျဉ်း

စုစည်းတင်ပြသူ – မြင့်မောင်စိုး

ကမ္ဘာတစ်ဝန်းတွင် သီတင်းပတ်အတွင်းဖြစ်ပွားခဲ့သော ဖြစ်ရပ်များနှင့်ပတ်သက်၍ ထူးထူးခြားခြား သတင်းအချို့ကို မြန်မာ့အလင်းပရိသတ်များအတွက် ရေးသားဖော်ပြလိုက်ပါသည်။

အောက်တိုဘာ ၁၆

- တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အမြင့်ဆုံးအဆောက်အအုံဖြစ်သည့် အထပ် ၇၃ ထပ်ရှိ တရုတ်ကုန်သွယ်ရေးစင်တာ၌ အမြန်ဆုံးဓာတ်လှေကားကို တပ်ဆင်ခဲ့သည်။ ယင်းအဆောက်အအုံသည် ၂၀၀၉ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။
- ကူဝိတ်နိုင်ငံသည် ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုကြောင့် နေ့စဉ် အမေရိကန်ဒေါ်လာ ၄၃ သန်း ဆုံးရှုံးနေကြောင်း အာရပ်တိုင်းမ်သတင်းစာက ရေးသားဖော်ပြခဲ့သည်။
- အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှ စွယ်စုံသုံးရဟတ်ယာဉ်အစင်း ၈၀ ဝယ်ယူမည်ဖြစ်ကြောင်း အင်ဒိုအာရှသတင်းဌာနက ရေးသားဖော်ပြသည်။
- (၂၁)ကြိမ်မြောက် နိုင်ငံတကာ အနုမြူစွမ်းအင်အေဂျင်စီ စွမ်းအင် အစည်းအဝေးတစ်ရပ်ကို တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့၌ဖွင့်လှစ်ခဲ့ရာ သိပ္ပံပညာရှင် ၈၀၀ ကျော်တက်ရောက်ခဲ့သည်။

အောက်တိုဘာ ၁၇

- အမေရိကန်နိုင်ငံ၏ သန်း ၃၀၀ မြောက် လူသားကို အောက်တိုဘာ ၁၇ ရက်က မွေးဖွားခဲ့သည်။ လွန်ခဲ့သော ၃၉ နှစ်က သန်း ၂၀၀ ရှိရာမှ သန်း ၃၀၀ အထိ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။
- တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က အနှစ် ၅၀ သက်တမ်းရှိပြီဖြစ်သော တရုတ်ပို့ကုန်များ ပြပွဲအမည်ကို တရုတ်သွင်းကုန်နှင့် ရောင်းကုန်ပြပွဲဟု ပြောင်းမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ ယင်းပြပွဲကို ကင်တန်ပြပွဲဟု လူသိများကြပြီး ၁၉၅၇ ခုနှစ်မှစပြီး နှစ်နှစ်တစ်ကြိမ်ကျင်းပခဲ့ကြောင်း သိရသည်။
- ဩစတြေးလျနိုင်ငံသည် ၁၀ နှစ်တာကာလအတွင်း ပထမဆုံးသော နျူကလီးယားဓာတ်အားပေးစက်ရုံရှိလာနိုင်ကြောင်း ဩစတြေးလျ စက်မှုနှင့်အရင်းအမြစ်ဝန်ကြီး အိုင်အန်မက်ဖာလိန်းက ပြောကြားလိုက်သည်။

အောက်တိုဘာ ၁၈

- ယနေ့ကမ္ဘာကြီးသည် ကမ္ဘာ့ပူနွေးမှုခြိမ်းခြောက်မှုများ တိုးလာကြောင်း၊ စတုရန်းကီလိုမီတာသန်း ၂၀ ကျယ်ဝန်းသော ကမ္ဘာ့ရေခဲပြင်ကြီးမှာ အပူရှိန်မြင့်မားလာမှုကြောင့် ထိန်းချုပ်ရန်လိုအပ်လာပြီဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားလိုက်သည်။
- ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံပေါင်း ၂၃ နိုင်ငံတို့သည် နယ်စပ်လုံခြုံရေးကို ပိုမိုခိုင်မာအောင်ဆောင်ရွက်ရန်လိုအပ်လာကြောင်း ပစိဖိတ်လူဝင်မှုကြီးကြပ်ရေး ညွှန်ကြားရေးမှူးများ၏ အစည်းအဝေးတွင် အိမ်ရှင်နယူးဇီလန်နိုင်ငံမှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

အောက်တိုဘာ ၁၉

- ပီရူးနိုင်ငံသည် တောင်အမေရိကတိုက်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းမှ ကာကွယ်ရန် အကောင်းဆုံးနိုင်ငံဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားလိုက်သည်။
- ဗြိတိန်နိုင်ငံမှ အသက် ၆၇ နှစ်ရှိ ရော်ဘင်ကောနော့ဇ်ဂျွန်စတန်(ယာပုံ)သည် ကမ္ဘာကို ဆိုလိုရွက်လှေဖြင့် မရပ်မနား ပတ်နိုင်ခဲ့သည့် ပထမဆုံး လူသားဖြစ်လာသည်။ ၎င်းသည် ယင်းရွက်လှေဖြင့် ခရီးမိုင်ပေါင်း သုံးသောင်း သွားလာခဲ့သည်ဟု ဆိုသည်။

အောက်တိုဘာ ၂၀

- ဂျာမနီ–အမေရိကန် အုပ်စု ခရိုင်စလာ ကားကုမ္ပဏီသည် အရောင်း မြှင့်တင်ရန်အတွက် အမေရိကန်၌ ကားတစ်စီးလျှင် ဒေါ်လာ ၁၀၀၀ လျှော့ရောင်းချရန် စီစဉ်လျက်ရှိသည်။

ဒေါ်လာ ၁၀၀၀ လျှော့ရောင်းမည့် ခရိုင်စလာကားများ။

နိုကီယာ မိုဘိုင်းလ်ဖုန်း။

- ကမ္ဘာ့မိုဘိုင်းလ်ဖုန်း အများဆုံးထုတ်လုပ်သည့် နိုကီယာသည် အာရှတွင် ဝယ်လိုအား မြင့်မားလာသော်လည်း အမြတ်နည်းနေကြောင်း ၎င်းကုမ္ပဏီက ပြောကြားလိုက်သည်။
- တူရကီတပ်ဖွဲ့ဝင် ၁၀၀ ခန့်သည် လက်ဘနွန်နိုင်ငံ၏ မြို့တော် ဘေရွတ်မြို့သို့ ငြိမ်းချမ်းရေးမစ်ရှင် တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာကြသည်။
- အိန္ဒိယနိုင်ငံအလယ်ပိုင်း ရီဝါမြို့အနီးရှိ ရေကန်တစ်ခုအတွင်း ခရီးသည်ဘတ်စ်ကားတစ်စီး ထိုးကျသွားခဲ့ရာ လူပေါင်း ၅၆ ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

အောက်တိုဘာ ၂၁

- ဗြိတိန်နိုင်ငံသားလေးဦး ပါဝင်သော ရေနံအလုပ်သမားခုနစ်ဦးအား နိုင်ဂျီးရီးယားနိုင်ငံ၌ အောက်တိုဘာ ၃ ရက်က ပြန်ပေးဆွဲခံထားရာမှ ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။
- အင်ဒိုနီးရှား ရေတပ်သည် ဂျာမနီနှင့် ပြင်သစ်နိုင်ငံရှိ ရေငုပ်သင်္ဘောများဝယ်ယူရန် သွားရောက်ခဲ့ပြီးနောက် ရုရှားနိုင်ငံမှလုပ်သော ရေငုပ်သင်္ဘောများဝယ်ယူရန် ဆုံးဖြတ်လိုက်သည်။

အောက်တိုဘာ ၂၂

- အိုက်စလန်နိုင်ငံသည် ၂၁ နှစ်ကြာ ဝေလငါးဖမ်းခြင်းပိတ်ပင်ထားသော နိုင်ငံတကာဥပဒေကိုချိုးဖောက်လျက် ဝေလငါးများ ဖမ်းခဲ့သည်။

အိုက်စလန်၌ ဝေလငါးဖမ်းယူနေစဉ်။

- ၂၀၀၆ စက်တင်ဘာလအထိ ဘရာဇီးနိုင်ငံတွင် နေအိမ်များ၌ အင်တာနက်အသုံးပြုသူပေါင်း ၂၁ သန်း ရှိလာခဲ့သည်။
- ကမ္ဘာပေါ်တွင် အပူလှိုင်းများကျရောက်မှုကြောင့် အများအပြားသေကျေစေနိုင်ကြောင်း၊ ယခုနှစ် ရာစုနှစ်မကုန်မီ ထိုကိစ္စမှာဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ခန့်မှန်းပြောကြားထားသည်။

(ကိုးကား–အင်တာနက်)

ငါးစားခြင်းဖြင့် ကျန်းမာရေးအကျိုးဖြစ်ထွန်းနိုင်သော်လည်း အလွန်အကျွံစားသုံးလျှင် ဆိုးကျိုးများဖြစ်စေနိုင်

ငါးစားသုံးခြင်းဖြင့် ကိုယ်အလေးချိန် လျှော့ချနိုင်သည်ဆိုသော်လည်း ညစ်ညမ်းမှုများကြောင့် ကျန်းမာရေးထိခိုက်မှုများဖြစ်လာနိုင်ကြောင်း ဆန်းစစ်လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဟားဗက် ပြည်သူ့ကျန်းမာရေး ပညာသင်ကျောင်းမှ သုတေသနပညာရှင်များသည် ငါးစားသုံးခြင်းဖြင့် ကျန်းမာရေး အကျိုးရှိ မရှိဆိုသောအချက်ကို အခြေခံ၍ အထက်ပါအချက်ကို တင်ပြခဲ့ကြသည်။

လျှော့ချပေး

ယင်းတို့သည် တစ်ပတ်လျှင် ငါး နှစ်ကြိမ်ခန့်စားပေးလျှင် ကျန်းမာရေးအကျိုးဖြစ်ထွန်းနိုင်ကြောင်း၊ အထူးသဖြင့် ငါးစားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်ခြင်းမှ လျှော့ချပေးနိုင်လိမ့်မည်ဖြစ်ကြောင်း တင်ပြထားသည်။

ငါးစားသုံးခြင်းဖြင့် နှလုံးရောဂါကြောင့် သေဆုံးခြင်းမှ ၃၆ ရာခိုင်နှုန်းကို လျှော့ချပေးနိုင်ကြောင်း အမျိုးမျိုးသော တွေ့ရှိလေ့လာချက်များက ဖော်ပြနေသည်။

တစ်ပတ်လျှင် ဆော်လမွန်ငါး သုံးအောင်စ သို့မဟုတ် မာကရယ်ငါး ခြောက်အောင်စ စားသုံးခြင်းဖြင့် နှလုံးရောဂါနှင့်ဆက်စပ်သော ရောဂါများကိုလျှော့ချပေးနိုင်သည်ဟု ဆိုထားသည်။ **(ကိုးကား–အင်တာနက်)**

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ၁၀ ရက်တရားစခန်း

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိဂီလမ်းထောင့်နှင့် ပင်ရှေညောင်လမ်းရှိ ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ (၂၇၆)တွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ မိုးကုတ်ဝိပဿနာ ဓမ္မကထိက ဦးကေသဝ(ပျော်ဘွယ်) အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါးတရားများ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုကြသော ယောဂီများ အောက်တိုဘာ ၂၂ ရက်နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း–၅၅၉၆၀၄ သို့လည်းကောင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

သတင်း၊ ဆောင်းပါး၊ ကဗ္ဗာအစုံအလင်ဖြင့် ဖလားဝါးနယူးစ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၂

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂) အမှတ်(၄၂)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ အခန်းဆက် ကိုရီးယားခရီးသွား ဆောင်းပါး 'ဝယ်လက်များနေသော ဒရာမာပို့ကုန်များ'၊ ရန်ကုန်မြို့တော်ဝန်က လမ်းဘေးဈေးသည်များနှင့် တွေ့မည်၊ မြန်မာနိုင်ငံမှ မလေးရှားသို့တင်သွင်းသည့် ပို့ကုန် ၁၁ မျိုး အခွန်ကင်းလွတ်ခွင့် ထပ်မံရရှိ၊ ၂၈ ရက်ကျော်လျှင် နေပြည်တော်သို့ သွားပြီး နိုင်ငံသားစိစစ်ရေးကတ် လုပ်ရမည်ဆိုသည်မှာ လုံးဝ မဟုတ်မမှန်၊ ခရီးသွားစာရေးဆရာလည်းဖြစ်၊ ဓာတ်ပုံပညာရှင်လည်းဖြစ်သည့် အမေရိကန်သူ ဘရင်ဒါဒေးဗစ်ဆန်ရှက်ဒေါ့ခ်နှင့် အင်တာဗျူး စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိနေပြီဖြစ်သည်။

ဖြန့်ချိ

ဟင်နရီ သို့မဟုတ် ကမ္ဘာ့အကောင်းဆုံးဆုနှင့်ထိုက်တန်လေသူ အားကစားသတင်းဆောင်းပါးနှင့်အတူ တောင်ကိုရီးယား ဘန်ကီမွန်း အာရှသားတစ်ဦး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ရွေးချယ်ခံရ၊ တောင်ကုန်းတစ်လုံးနှင့် အိန္ဒိယလုလင် လက်ထပ်ထိမ်းမြား၊ ဝန်ကြီးချုပ်ဟောင်းသက်ဆင် နိုင်ငံသို့ ပြန်လာခွင့်ရှိ၊ သို့သော် အချိန်မတန်သေး စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

အေအိုင်ဒီအက်စ်၊ တီဘီနှင့်အခြားနာတာရှည်ရောဂါ ဝေဒနာရှင်များအား ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေ

သတင်း၊မြင်ကွင်း–မြင့်မောင်စိုး
ဓာတ်ပုံ–အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် အောက်တိုဘာ ၂၂

အေအိုင်ဒီအက်စ်ခေါ် ခုခံအားကျဆင်းမှုရောဂါသည် ယခုအခါ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံတိုင်းတွင် ကြုံတွေ့နေရသော ကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်လာသည်။

သေဆုံး

အေအိုင်ဒီအက်စ်ရောဂါ (AIDS - Aequired Immuno-deficiency Syndrome)သည် သာမန် မျက်စိဖြင့် မမြင်နိုင်သော အိတ်ချ်အိုင်ဗွီ (Human Immuno-deficiency Virus) ပိုးရပ်စ်ပိုးကြောင့် ဖြစ်ရခြင်းဖြစ်သည်။

လူတို့၏ သွေးထဲတွင်ရှိသော သွေးဖြူဥများကို ယင်း အိတ်ချ်အိုင်ဗွီ ပိုးရပ်စ်ပိုးက တဖြည်းဖြည်း ဖျက်ဆီးပစ်လိုက်ရာမှ ခုခံစွမ်းအားမှာလည်း တဖြည်းဖြည်းကျဆင်းလာပြီး နောက်ဆုံး၌ သေဆုံးရခြင်းဖြစ်သည်။

အေအိုင်ဒီအက်စ်၊ တီဘီနှင့်အခြားနာတာရှည်လူနာများနှင့် မိသားစုများအတွက် လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း အသိပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက် နံနက်က ရန်ကင်းပညာရေးကောလိပ်၌ ကျင်းပခဲ့သည်။

စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့်လည်း တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ပြောကြားသည်။

ဆေးတိုက်ကျွေး

အဆိုပါ လူမှုရေးအသင်းအဖွဲ့များသည် ရပ်ကွက်များသို့ ကွင်းဆင်းပြီး ကျန်းမာရေး၊ ပညာရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တီဘီရောဂါ ဝေဒနာရှင်များအား ပိတ်ရက်မရှိ ဆေးညွှန်းအတိုင်း ဆေးတိုက်ကျွေးနိုင်ရန် အိမ်တိုင်ရာရောက် သွားရောက်တိုက်ကျွေးခြင်း၊ ဝေဒနာရှင်များအား

ဩဂုတ် ၃၁ရက်က ရန်ကုန်တိုင်း ဒလမြို့နယ်၌ ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းခွင်တွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ ဦးဆောင်၍ ဤသို့ ကွင်းဆင်းဆွေးနွေး ဆောင်ရွက်ခဲ့ကြသည်။

(ဓာတ်ပုံ–ကျန်းမာရေး)

အောက်တိုဘာ ၂၁ရက်က ရန်ကင်းပညာရေးကောလိပ်၌ကျင်းပသည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည်လူနာများနှင့် မိသားစုများအတွက် လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း အသိပညာပေးဆွေးနွေးပွဲတွင် ပြသထားသော အေအိုင်ဒီအက်စ်ပညာပေးပိုစတာများကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက ကြည့်ရှုခဲ့ကြစဉ်။

ဓာတ်ပုံ–အောင်သန်း(မင်္ဂလာတောင်ညွန့်)

စီမံချက်ချမှတ်

အဆိုပါ အခမ်းအနား၌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ပြောကြားရာတွင် အေအိုင်ဒီအက်စ်ရောဂါသည် ၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်းအထိ ကမ္ဘာတစ်ဝန်းရှိ ပြည်သူ ၆၅သန်းခန့် ကူးစက်ခံနေကြရကြောင်း၊ မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီပိုးရှိသူကို ၁၉၈၈ ခုနှစ်၌ စတင်တွေ့ရှိခဲ့ကြောင်း၊ ယခင်က ရောဂါပိုးကူးစက်လွယ်သော အမူအကျင့် ရှိသူများတွင် ရောဂါအဖြစ်များသော်လည်း ယခုအခါ ပြည်သူလူထုအတွင်းသို့ပါ ကူးစက်ခံနေရကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အိတ်ချ်အိုင်ဗွီပိုးရှိသူ လူနာများနှင့် မိသားစုများအတွက် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပြည်သူလူထု အခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စီမံချက်ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယခုအခါ လူမှုရေးအသင်းအဖွဲ့အစည်းများ ဖြစ်ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံသူနာပြုအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့သည် ကျန်းမာရေးဝန်ကြီးဌာန၏ ကျွမ်းကျင်မှုဆိုင်ရာ ကူညီထောက်ပံ့မှုကို ရယူကာ ဝေဒနာရှင်များအား အိမ်တွင် စနစ်တကျ ပြုစုစောင့်ရှောက်တတ်စိတ်ပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက် ဆောင်ရွက်ပေးခြင်းများ ပြုလုပ် ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီပိုးရှိသူကို ၁၉၈၈ခုနှစ်တွင်လည်းကောင်း၊ အေအိုင်ဒီအက်စ်ဝေဒနာရှင်ကို ၁၉၉၁ခုနှစ်တွင်လည်းကောင်း တွေ့ရှိခဲ့ကြောင်း အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ပြောကြားသည်။

ဖြစ်ပွားမှုကျဆင်း

၂၀၀၄ခုနှစ် စက်တင်ဘာလတွင် ကျန်းမာရေးဦးစီးဌာန ခုခံအားကျ၊ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်သို့ အစီရင်ခံပေးပို့သော စာရင်းအရ အိတ်ချ်အိုင်ဗွီကူးစက်ခံရသူနှင့် အေအိုင်ဒီအက်စ်ဝေဒနာရှင် စုစုပေါင်း ၃၃၈၉၁ဦး ရှိကြောင်း၊ ၂၀၀၅ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်သည့် အိတ်ချ်အိုင်ဗွီကူးစက်ပြန့်ပွားမှုနှင့် ရရှိမည့်အကျိုးဆက်များကို ခန့်မှန်း တွက်ဆခြင်း အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်အရ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၀ပြည့်နှစ်က အိတ်ချ်အိုင်ဗွီ ဖြစ်ပွားမှုမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၂၀၀၅ခုနှစ်တွင် ၁ ဒသမ ၃ ရာခိုင်နှုန်းသို့ကျဆင်းခဲ့ကြောင်း ဒေါက်တာလှမြင့်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးကို ၁၉၈၉ခုနှစ်မှစပြီး အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနကဦးဆောင်၍ နှီးနွှယ်ဝန်ကြီးဌာနများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံသူနာပြုအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ပူးပေါင်း၍ အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပြုစုစောင့်ရှောက်

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနသည် အဆိုပါ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြားနာတာရှည် လူနာများနှင့် မိသားစုဝင်များအတွက် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည်။

လူမှုရေးအဖွဲ့အစည်းများအနေဖြင့် အေအိုင်ဒီအက်စ်ဝေဒနာရှင်များ၊ တီဘီနှင့် အခြားနာတာရှည် လူနာများကို အိမ်တွင်ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ နားလည်သဘောပေါက်နိုင်ရန်အတွက် ရန်ကုန်တိုင်းအတွင်း ခရိုင်အလိုက် နည်းပြဆရာဖြစ်သင်တန်းများ ပေးနိုင်ရန် စီစဉ်ထားကြောင်း၊ သင်တန်းများကို အောက်တိုဘာလ နောက်ဆုံးပတ်မှ စတင်ပြီး နိုဝင်ဘာလအတွင်းပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ပြီး စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအနေဖြင့် မိမိတို့မြို့နယ်များတွင် ဆင့်ပွားသင်တန်းများ ပေးသွားခြင်းဖြင့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည်လူနာများကို အိမ်တွင် ပြုစု စောင့်ရှောက်ခြင်းနှင့်ပတ်သက်၍ အသိအမြင်များလာမည်ဖြစ်ကြောင်း သိရသည်။

အကျိုးတရားများရရှိ

သို့ဖြစ်၍ အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည် ဝေဒနာရှင်များနှင့် မိသားစုများသည် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထု အခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ ပေါ်ပေါက်လာပြီဖြစ်၍ စိုးရိမ်ကြောက်ရွံ့ သောကများကို ဖယ်ရှားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နှစ်သိမ့်ဆွေးနွေးမှုများ ခံယူခြင်းဖြင့် အကျိုးတရားများရရှိနိုင်လိမ့်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပူးပေါင်းဆောင်ရွက်

ဩဂုတ် ၃၁ရက်က ဒလမြို့နယ်၌ ပြုလုပ်သော ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းခွင်တွင် လူမှုရေးအသင်းအဖွဲ့ဝင်များ ဤသို့ပူးပေါင်းကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။

(ဓာတ်ပုံ–ကျန်းမာရေး)

ရောဂါကူးစက်နည်းများ

- **ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံခြင်း။ (လိင်တူ၊ လိင်ကွဲ)**
- **မသန့်ရှင်းသော ဆေးထိုးအပ်ပြွန်ဖြင့် ထိုးခြင်း။ မသန့်ရှင်းသော ချွန်ထက်သောကိရိယာများ၊ ခွဲစိတ် ကိရိယာများအသုံးပြု၍ ခွဲစိတ်ခြင်း၊ ဆေးမင်ကြောင် ထိုးခြင်း၊ စုတ်ထိုးခြင်း၊ နားဖောက်ခြင်း၊ ဓာတ်အပ်စိုက်ခြင်း။ (အထူးသဖြင့် မူးယစ်ဆေးထိုး၍ သုံးစွဲရာတွင် ဆေးထိုးအပ်/ပြွန်တို့ မျှဝေသုံးစွဲရာမှတစ်ဆင့် ကူးစက်နိုင်သည်။)**
- **ရောဂါပိုးရှိနေသောသွေး သွင်းမိခြင်း။**
- **ရောဂါပိုးရှိနေသော ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသား၊ ရင်သွေးငယ်သို့ ကူးစက်ခြင်း။**
- **လိင်ဆက်ဆံရာနှင့် မူးယစ်ဆေးသုံးစွဲရာမှ အများဆုံး ကူးစက်သည်။**

ဤနည်းများဖြင့် မကူးပါ

ဤရောဂါပိုးသည်

- **လေထဲမှ မပျံ့နှံ့ပါ။ ချောင်းဆိုးခြင်း၊ နှာချေခြင်းဖြင့် မကူးစက်နိုင်ပါ။**
- **လက်ဆွဲနှုတ်ဆက်ခြင်း၊ ဖက်ခြင်း၊ ပါးကိုနမ်းရှုပ်ခြင်းဖြင့်လည်း မကူးပါ။**
- **အရေပြားချင်း ထိတွေ့ရုံဖြင့် မကူးပါ။**
- **ပန်းကန်၊ ခွက်၊ ဇွန်းတို့မှ တစ်ဆင့် မကူးပါ။**
- **အိမ်သာ၊ တံခါးလက်ကိုင်၊ ထိုင်ခုံတို့မှလည်း မကူးပါ။**
- **ခြင်ကိုက်၍လုံးဝမကူးစက်နိုင်ပါ။ ကြမ်းပိုး၊ ကြွက်၊ ယင်တို့မှလည်း မကူးပါ။**
- **အလုပ်ရုံ၊စက်ရုံ၊ရုံးဌာန၊ ရေကူးကန်တို့မှ မကူးစက်နိုင်ပါ။**

ရောဂါကာကွယ်နည်းများ

(၁) လိင်ဆက်ဆံခြင်းမှ ကူးစက်နိုင်သဖြင့် လိင်ကိစ္စကို အထူးဆင်ခြင်ပါ။ ပြည့်တန်ဆာများ၊အပျော်အဖော်များ၊ လိင်ကိစ္စလွန်ကဲသူများနှင့် လိင်ဆက်ဆံခြင်းကို ရှောင်ကြဉ်ပါ။

(၂) အိမ်ထောင်ရှိသူများအနေဖြင့် မိမိ၏ဇနီး/ခင်ပွန်းအပေါ် နှစ်ဦးနှစ်ဖက် သစ္စာရှိပါ။

(၃) မူးယစ်ဆေးဝါးကိုရှူခြင်း၊ သောက်ခြင်း၊ ထိုး၍ သုံးစွဲခြင်း လုံးဝရှောင်ကြဉ်ပါ။ မူးယစ်ဆေးစွဲသွားပါက မိမိအပြုအမူကို လုံးဝထိန်းချုပ်၍မရတော့ပါ။

(၄) မရှောင်ရှားနိုင်၍ လိင်အပျော်အပါး လိုက်စားမိမည်ဆိုပါက အကာအကွယ်ပစ္စည်း [ကွန်ဒုံး၊ အရပ်အခေါ် အက်(ဖ)အယ်]ကိုအသုံးပြုခြင်းဖြင့်ကာကွယ်နိုင်သည်။

23-10 (06) 1 10/23/06, 2:46 AM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အောင်ပွဲရ မြန်မာ့တပ်မတော်သေနတ်ပစ်အားကစားအဖွဲ့အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် အောက်တိုဘာ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ASEAN + 3 တပ်မတော်များ သေနတ်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသော အောင်ပွဲရ မြန်မာ့တပ်မတော် သေနတ်ပစ်အားကစားအဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

ပြန်လည်ရောက်ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ အောက်တိုဘာ ၁၆ရက်မှ၂၁ရက်အထိ ကျင်းပခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့်အာဆီယံနိုင်ငံများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ASEAN + 3 တပ်မတော်များ သေနတ်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ဗိုလ်မှူးကြီး စိုးလွင် ခေါင်းဆောင်သော အဖွဲ့ဝင် ၁၀ဦးပါ အောင်ပွဲရ မြန်မာ့တပ်မတော် သေနတ်ပစ် အားကစားအဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၂နာရီ ၁၀မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်း ခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

အဆိုပါ အောင်ပွဲရ မြန်မာ့ တပ်မတော်သေနတ်ပစ် အားကစားအဖွဲ့ဝင်များအား ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဒွေးဝင်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စဉ်ဆက်မပြတ်မွေးထုတ်

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမ၌ အောင်ပွဲရ မြန်မာ့တပ်မတော် သေနတ်ပစ်အားကစားအဖွဲ့ဝင်များအားတွေ့ဆုံ၍ ယခုပြိုင်ပွဲမှ အတွေ့အကြုံကောင်းများကို အခြေခံပြီးလာမည့်ပြိုင်ပွဲများတွင် ပိုမိုအောင်မြင်မှု ရရှိနိုင်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းလေ့ကျင့်ရေး၊အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်သည်နှင့်အညီ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ကို အရင်းတည်၍ ပြိုင်ပွဲများတွင် စိတ်ဓာတ်၊ စည်းကမ်း၊ လုံ့လဝီရိယ အပြည့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရေး၊ မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် မွေးထုတ်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ဆုရရှိ

အဆိုပါ ASEAN+3 တပ်မတော်များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော် သေနတ်ပစ် အားကစားအဖွဲ့သည် ၂၅မီတာ အမြန်ပစ် ပစ္စတိုပြိုင်ပွဲတွင် အသင်းလိုက် ဒုတိယရရှိခဲ့ပြီး တစ်ဦးချင်းပြိုင်ပွဲ၌ တပ်ကြပ်ဇော်ထွန်းသည် စတုတ္ထနှင့် ဗိုလ်ကြီးဇင်မင်းသည် သတ္တမဆု အသီးသီးရရှိခဲ့ကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် ASEAN + 3 တပ်မတော်များ သေနတ်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရမြန်မာ့တပ်မတော်သေနတ်ပစ် အားကစားအဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား ဒုံမင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ဦးလှကြိုင် ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

■ **ကျောဖုံးမှ**

မန္တလေးတိုင်းမှ မယ်ဒလင်အတီးပြိုင်ပွဲဝင် ထိန်လင်းအောင်

"မန္တလေးတိုင်းကိုယ်စားပြု အမျိုးသား(၁၀-၁၅)နှစ်တန်း မယ်ဒလင်အတီး ပြိုင်ပွဲဝင်ထားပါတယ်၊ ဇာတိက မိုးကုတ်မြို့ပါ။ အသက် ၁၃နှစ်ရှိပါပြီ၊ ငယ်ငယ်လေးကတည်းက မယ်ဒလင်တီးရတာကို အရမ်းဝါသနာပါခဲ့တာ၊ အမြဲတမ်း အချိန်ရတိုင်း မယ်ဒလင်တီးနေရမှ နေတတ်သလို ဖြစ်နေတယ်။ ကျွန်တော် မယ်ဒလင်အတီးပြိုင်ပွဲဝင်ချိန်မှာ ပရိသတ်တွေက လက်ခုပ်တွေတီးပြီး အားပေးတော့ အရမ်းအားရှိတာပေါ့။ ပထမဆုရပြီး အိမ်ပြန်ချင်ပါတယ်"ဟု မျှော်လင့်တကြီး ပွင့်လင်းစွာ ပြောကြားသွားသည်။

ရန်ကုန်တိုင်းကိုယ်စားပြု အမျိုးသမီး (၁၅-၂၀)နှစ် အကပြိုင်ပွဲဝင် ကြည်နူးဖွယ်

"အခုအကြိမ်နဲ့ဆို ပြိုင်ပွဲဝင်တာ သုံးကြိမ်ရှိပါပြီ။ (၁၂)ကြိမ်မြောက်ပြိုင်ပွဲတုန်းက (၅-၁၀)နှစ်အကမှာ ရွှေတံဆိပ်၊ (၁၃)ကြိမ်မြောက်အကပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီနှစ်လည်း ရွှေရမယ် မှန်းထားပါတယ်။ သမီးက နှစ်လုံးပေါက် အချိန်ရသမျှလေ့ကျင့်ပြီး ပြိုင်ပွဲကြီး နီးလာတဲ့အချိန်မှာ တစ်နေ့သုံးကြိမ်နေ့စဉ်လေ့ကျင့်ခဲ့တာဆိုတော့ အခုပြိုင်ပွဲမှာ စိတ်တိုင်းကျ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ အကောင်းဆုံးဆုကို မျှော်နေပါပြီ။ ရခဲ့ရင်တော့ အတိုင်းထက်အလွန်ပါပဲ"ဟု မြန်မာ့အလင်းသို့ ဖွင့်ဟသွားသည်။

ရောဝတီတိုင်းကိုယ်စားပြု အမျိုးသား ဝါသနာရှင်(ပထမတန်း) ပတ္တလား အတီးပြိုင်ပွဲဝင် ဦးမြင့်အောင်

"အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ပထမအကြိမ်)ကတည်းက ဝင်ပြိုင်ခဲ့တာ (၁၄)ကြိမ်ရှိပါပြီ။ ပတ္တလားအတီးပြိုင်ပွဲမှာ နှစ်တိုင်း ရွှေတံဆိပ်ချည်းပဲရခဲ့တာ ၁၃ဆုရှိပြီဖြစ်ပါတယ်။ ဒီနှစ်လည်း ရွှေတံဆိပ်ရမယ်လို့ မျှော်လင့်ထားပါတယ်။ ကျွန်တော်က မဟာဂီတတေးသွားတွေကိုနေ့စဉ် ပတ္တလားနဲ့ တီးခတ်နေသူပါ။ ပတ္တလားအတီး လက်နဲ့ပြတ်တယ်လို့မရှိပါဘူး။ ဒါကြောင့် ရောဝတီတိုင်းအတွက် ရွှေတံဆိပ်ပဲရယူပေးချင်ပါတယ်"ဟု စိတ်အားထက်သန်စွာ ရင်ဖွင့်ပြောကြားသွားသည်။

မကွေးတိုင်း ကိုယ်စားပြု အမျိုးသမီး (၁၀-၁၅)နှစ် စောင်းအတီးပြိုင်ပွဲဝင်မနန်းသီရိခင်ခင်

"ပြိုင်ပွဲဝင်တာ ဒီအကြိမ်နဲ့ဆိုရင် လေးကြိမ်ရှိပါပြီ၊ အရင်က ရွှေတံဆိပ်တစ်ဆုနဲ့ ကြေးတံဆိပ်နှစ်ဆု ရပြီးဖြစ်ပါတယ်။ ပြိုင်ပွဲမဝင်ခင် တစ်နှစ်ပတ်လုံး အချိန်ရသမျှကို လေ့ကျင့်ခဲ့ပါတယ်၊ သမီးရဲ့ဆရာတွေကလည်း စနစ်တကျ စောင်းတီးခတ်နိုင်အောင် ပြသလေ့ကျင့်ပေးခဲ့လို့ အခုလို ပြိုင်ပွဲဝင်နိုင်တာပါ၊ အမြင့်ဆုံး ရွှေတံဆိပ်လိုချင်ပေမယ့်မမျှော်မှန်းရဲပါဘူး။ သမီးဆန္ဒကတော့ တစ်ချိန်ချိန်မှာ စောင်းပညာရှင်ကြီးတစ်ဦး ဖြစ်ချင်တာပါ"ဟု မြန်မာ့အလင်းသို့ ဖွင့်ဟပြောကြားသွားသည်။

ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား နဲ့ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ဦးဝင်းမောင်မောင်စိန် ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

အခြေခံပညာအဆင့်(၅-၁၀)နှစ် အမျိုးသား အကပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်ကျော်မျိုးသန့် ကပြယှဉ်ပြိုင်စဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်တိုင်းကိုယ်စားပြု အမျိုးသား ဝါသနာရှင်(ပထမတန်း) စန္ဒရားအတီးပြိုင်ပွဲဝင် ဦးတင့်ခိုင်

"ပြိုင်ပွဲမဝင်ခင် အချိန်ယူပြီးလေ့ကျင့်ခဲ့ရတယ်၊ တစ်နေ့ကို သီချင်းသုံးပုဒ်လောက်ကို စန္ဒရားအတီးနဲ့ တွဲဖက်ပြီး လေ့ကျင့်ခဲ့ရတော့ တကယ်တမ်း ယှဉ်ပြိုင်တဲ့အခါ ကျေနပ်အားရပါတယ်၊ ကျွန်တော့်ဆရာ ဦးသိန်းဟန်ကလည်း အနီးကပ် သင်ကြားပြသပေးပါတယ်၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲကို ဝင်ပြိုင်တာ ဒီအကြိမ်နဲ့ဆို လေးကြိမ်ရှိပါပြီ။ ဒီနှစ်တော့ ထိုက်ထိုက်တန်တန် ဆုရမယ်လို့ မျှော်လင့်ထားပါတယ်၊ ပြိုင်ပွဲဝင်တွေ အကုန်လုံးက တကယ့်ထိပ်တန်းအဆင့်ရှိသူတွေချည်းပဲဆိုတော့ အစွမ်းကုန် ကြိုးစားရတာပေါ့။ မျှော်လင့်ထားသလို ဆုရခဲ့ရင်တော့ ကျွန်တော်တို့ ရန်ကုန်တိုင်းဂုဏ်ကိုဆောင်နိုင်မှာ ဖြစ်ပါတယ်"ဟု မျှော်လင့်ကြီးစွာ ပြောကြားသွားသည်။

နေပြည်တော်တွင် ပထမဆုံးအကြိမ်ကျင်းပသည့် (၁၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲနေသော ပြည်နယ်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်အားလုံးမှာ စိတ်အေးချမ်းသာစွာ ယှဉ်ပြိုင်ရမှုကြောင့် မိမိတို့လေ့ကျင့်ထားသမျှကို အတိမ်းအစောင်း အမှားအယွင်းမရှိယှဉ်ပြိုင်နိုင်ကြသဖြင့် ပြိုင်ပွဲဝင်အားလုံး အမြင့်ဆုံးရွှေတံဆိပ်ဆုကိုသာ မျှော်မှန်းနေကြပါကြောင်း။ ။

(မြန်မာ့အလင်း)

သုခုမ အောင်ပွဲသဘင်

(တေးထပ်)

❖ နှင်းမှုန်ဝေ ဟေမန္တ
လေပြန်ခ ရာသီ၊
ဝေယံက နရီလို
ဂီတသံကြည်မြ၊
ရေး၊တီး နဲ့ ဆို၊က စုံတယ်
ချိုမြပုံ ထူးကဲပေလှ။

❖ ယဉ်ကျေးမှု ဒို့အမွေကို
မချို့စေလိုပ၊
(၁၄)ကြိမ် အချိန်ကျလို့
ပြိုင်ကြသည့် ပွဲတော်မှာ၊
နွဲ့ပျော်ကာ ရွှင်ကြည်မွေ့
ဓလေ့ မပျက်စေရာ။

❖ အမျိုးသားရေး မြတ်အမွေမဟာ
ဝေဝေဆာ ပွင့်ဖူးလို့၊
တင့်ထူးတဲ့ ချိန်ခါမီ
မြူးကြွဂုဏ်ရည်။

❖ သာပေစွ နေပြည်တော်မှာ
ဝေစည်စွာ ကျင်းပလို့လေး။ ။

မောင်စိုးရာဇာဝင်း(ကယားပြည်နယ်)
(အဆင့်မြင့်ပညာအဆင့်၊ အရေးပြိုင်ပွဲဝင်)

အခြေခံပညာအဆင့်(၁၀-၁၅)နှစ် အမျိုးသား ဂီတာပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မောင်နန်းတိမ်ယံထွန်း ဤသို့တီးခတ်ယှဉ်ပြိုင်ခဲ့သည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

✡ *ကျောဖုံးမှ*

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ အထူးလေယာဉ်သည် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ နေပြည်တော် တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း နှင့် တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက် ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie တို့ နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff တို့သည် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff နှင့် အတူ လိုက်ပါလာကြသော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အလားတူ ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ကလည်း ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ခေတ္တတည်းခိုမည့် နေပြည်တော် ဟိုတယ်ဇုန်သို့ ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

တောင်ကြီးကောလိပ်ကျောင်းသား ကျောင်းသူများ အဌမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

တောင်ကြီးကောလိပ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများက တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအား **ဒီဇင်ဘာ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန် Y.M.C.A ခန်းမ၌** အာစရိယပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရယူနိုင်ပါသည်။

ဆက်သွယ်လှူဒါန်း

အလှူငွေ ပါဝင်လှူဒါန်းလိုသူ ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးမြင့်လွင်ခိုင်-ဒေါ်မြင့်မြင့်တင် ဖုန်း-၃၇၄၈၅၀၊ ၀၉-၅၁-၁၈၅၆၂၊ ဒေါက်တာသာဥာဏ် ဖုန်း-၂၉၄၁၂၈၊ ၀၉-၈၀-၃၃၄၄၆၊ ဦးစိုင်းစိုးမြင့်ဆွေ-ဒေါ်စုစုသန်းဖေ ဖုန်း-၅၇၉၃၉၃၊ ဒေါ်စွမ် ဖုန်း-၂၂၃၃၂၅၊ ၂၂၃၇၀၈၊ ဒေါ်မကြင် ဖုန်း-၂၉၅၆၃၈၊ ဒေါ်မေမေတင် ဖုန်း-၇၀၈၅၃၃၊ ဒေါ်ခင်လှလှ ဖုန်း-၀၉-၅၀-၁၅၃၅၆၊ ဦးမောင်မောင်လေး ဖုန်း-၀၉-၅၀-၁၇၁၉၆၊ ဒေါ်စဝ်သီတာထွေး ဖုန်း-၆၆၂၇၃၂၊ ဦးခင်မောင်ဆွေ ဖုန်း-၂၉၆၇၉၃၊ ဒေါ်ခင်စစ်ဝေ ဖုန်း-၅၆၃၅၉၄၊ ဦးတင့်ရှိန် ဖုန်း-၆၈၀၄၀၂၊ ဒေါ်နယ်လီထွန်း(မန္တလေး) ဖုန်း-၀၂-၃၃၉၈၉၊ ဦးဝင်းလွင်-ဒေါ်မီမီချမ်း(တောင်ကြီး) ဖုန်း-၀၈၁-၂၁၇၂၀ နှင့် ဒေါ်စိန်စိန်မြင့်(ကျောက်မဲ) ဖုန်း-၀၈၂-၄၀၂၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အမေရိကန်က ကုလသမဂ္ဂကိုအသုံးချကာ မြန်မာ့ပြည်တွင်းရေး စွက်ဖက်မှု မုံးပေါ်ပြည်သူ့စစ်အဖွဲ့ လက်ခံခြင်းမရှိ ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မုံးပေါ် ပြည်သူ့စစ်အဖွဲ့က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၉ ရက် နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မုံးပေါ်ပြည်သူ့စစ်အဖွဲ့၏သဘောထား

၂၀၀၆ခုနှစ်၊ စက်တင်ဘာလ ၂၉ရက်။

ကျွန်ုပ်တို့ မုံးပေါ်ပြည်သူ့စစ်အဖွဲ့သည် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုအောက်တွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါး အမြစ်ပြတ်ချေမှုန်းရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးကိစ္စရပ်များအား အစဉ်တစိုက်လိုက်ပါဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အခါတွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများမှသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်ရေးအတွက် အောင်မြင်မှုအသီးအပွင့်များ ရရှိခံစားနေပြီဖြစ်ပါသည်။

ထိုသို့ နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေသည့်အချိန်အခါတွင် ၎င်းအခြေအနေကောင်းများအား မျက်ကွယ်ပြု၍ မြန်မာနိုင်ငံတွင် ဒေသတည်ငြိမ်မှုမရှိ၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်လာနိုင်သည်ဟူသော တစ်ဖက်သတ်စွပ်စွဲချက်များဖြင့် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြချက်ကြောင့် မြန်မာနိုင်ငံ၏အရေးကိစ္စအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

ဤဆုံးဖြတ်ချက်ကိုကြည့်ပါက အမေရိကန်အနေဖြင့် ကုလသမဂ္ဂကို အသုံးချကာ မြန်မာနိုင်ငံ၏ပြည်တွင်းရေးအား ဝင်ရောက်ခြယ်လှယ်ရန် ကြံရွယ်ကြိုးစားမှုပင်ဖြစ်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အား ပျက်စီးရာပျက်စီးကြောင်း၊ အချုပ်အခြာအာဏာ ပျက်စီးရာပျက်စီးကြောင်း ပြုရာရောက်သည်မှာ သိသာထင်ရှားပါသည်။

ကျွန်ုပ်တို့သည် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးကို ရန်းကန်ကြိုးစားဆောင်ရွက်ခဲ့ရာတွင် အခက်အခဲပေါင်းစုံနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ထိုသို့ ကြိုးစားဆောင်ရွက်နေချိန်တွင် အမေရိကန်နိုင်ငံသည် ထောက်ပံ့ကူညီမှုမပေးသည့်အပြင် မြန်မာနိုင်ငံနှင့် ဆက်သွယ်ဆက်ဆံလျက်ရှိသည့် နိုင်ငံများကိုလည်း ပိတ်ပင်တားဆီးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

သို့သော်လည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ ပူးပေါင်းလက်တွဲ၍ ကြိုးစားဆောင်ရွက်ခဲ့ရာ ယခုအခါ အဘက်ဘက်မှ အောင်မြင်တိုးတက်မှုများရရှိနေပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖော်ဆောင်နိုင်ရေးအတွက် ဦးဆောင်မှုပေးမည့် အမျိုးသားညီလာခံကြီးအား အောင်မြင်စွာ ကျင်းပဆောင်ရွက်လျက် ရှိပါသည်။

ထို့ကြောင့် ရရှိထားပြီးဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုကို အဟန့်အတားဖြစ်စေမည့် အမေရိကန်၏ ကုလသမဂ္ဂအပေါ် အသုံးချကာ ဝင်ရောက်စွက်ဖက်လာခြင်းအပေါ် လက်မခံကြောင်းနှင့် ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာပါသည်။

ဦးကိန်မိုင်
အဖွဲ့ခေါင်းဆောင်
မုံးပေါ်ပြည်သူ့စစ်အဖွဲ့

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဆက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့ ခေတ်ကာလတွင် တိုင်းတစ်ပါးအတွေးအခေါ်၊ အယူအဆ၊ တိုင်းတစ်ပါးယဉ်ကျေးမှုတို့သည် ခေတ်မီ သတင်းနှင့်ဆက်သွယ်ရေး နည်းပညာရပ်များ (Information and Communication Technology ICT) ကို အသုံးပြုပြီး ကမ္ဘာ့မီဒီယာများ၊ Internet များအပါအဝင် ယဉ်ကျေးမှု တံခါးပေါက်၊ စီးပွားရေး တံခါးပေါက်များမှတစ်ဆင့် နည်းလမ်းအသွယ်သွယ် အရှိန်အဟုန်ကောင်းကောင်းဖြင့် အလုံးအရင်း ဝင်ရောက်လျက်ရှိရာ အချို့သော ငယ်ရွယ်ရိုးသားဖြူစင်သည့် လူငယ်များအကြား လွှမ်းမိုးနေရာယူလာခဲ့ပြီး မိမိရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားလေးစားမြတ်နိုးမှုများ လျော့နည်းခြင်း၊ အမျိုးဂုဏ်ကို စောင့်ထိန်းရမည့် စိတ်ဓာတ်များ ယိုယွင်းအားနည်းလာခြင်း စသည့် ယဉ်ကျေးမှုမျက်နှာစာ၌ စိမ့်ဝင်ထိုးဖောက်နေရာယူနေမှုအပေါ် ယနေ့ မျိုးဆက်သစ်လူငယ်များ လက်တွေ့ သိမြင်ခံစားရစေပြီး အမျိုးသားရေး စိတ်ဓာတ်များနှင့် ဇာတိသွေး ဇာတိမာန်များ ပြန်လည်နိုးကြားထက်သန်လာစေရန် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ အဋ္ဌမမြောက်နေ့အဖြစ် ယနေ့တွင် နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ်နယ်မြေနှင့် သုတေသန နယ်မြေတို့ရှိ သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမ၌လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် တေးစာသား အရေးပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)နှင့် အခြေခံပညာအဆင့် ဂီတာအတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမ၌လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)နှင့် အခြေခံပညာအဆင့် ဒုံမင်းအတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ်စာသင်ခန်းမ၌လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) နှင့် အခြေခံပညာအဆင့် အမျိုးသား နှဲပြိုင်ပွဲကို သစ်တောသုတေသနဌာန၌လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)နှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲများကိုစိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း အသီးသီးကျင်းပကြသည်။

ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး **(အပေါ်ယာပုံ)**၊ (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်၊ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းအောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ ယဉ်ကျေးမှု လေ့လာရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နေပြည်တော် အနီးဝန်းကျင်ရှိ ဒေသများမှ ပြည်သူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို မြတ်နိုးတန်ဖိုးထားကြသော ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရေဆင်းရှိမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ကျင်းပသည်။

အကပြိုင်ပွဲ

ယင်းနောက် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသား အကပြိုင်ပွဲကို ယှဉ်ပြိုင်ကြရာ ရခိုင်ပြည်နယ်မှ မောင်ညီညီဇော်၊ မကွေးတိုင်းမှ မောင်ဝေယံလင်း၊ ချင်းပြည်နယ်မှ မောင်တလွန်ထာဘွဲ၊ မွန်ပြည်နယ်မှ မောင်ကျော်မျိုးသန့်၊ ရှမ်းပြည်နယ်မှ မောင်ခွန်အောင်ပိုင်ဖြိုး၊ ရန်ကုန်တိုင်းမှ မောင်ကျော်ထွန်းမင်း၊ ကချင်ပြည်နယ်မှ မောင်ထက်ဗိုလ်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်စိုးထက်ပိုင်၊ ဧရာဝတီတိုင်းမှ မောင်စွမ်းထက်ပြည့်စုံ၊ ကရင်ပြည်နယ်မှ စောသူရိန်ထွန်း (ခ)အာတူ၊ မန္တလေးတိုင်းမှ မောင်ကျော်ဇင်မိုး၊ ပဲခူးတိုင်းမှ မောင်လဝင်းထွဋ်နှင့် မောင်ထိန်လင်း၊ ကချင်ပြည်နယ်မှ မောင်ဇော်မိုးထက်၊ ရန်ကုန်တိုင်းမှ ဖိုးသကြ်န်၊ ရှမ်းပြည်နယ်မှ မောင်စောရဲထက်နှင့် မန္တလေးတိုင်းမှ မောင်လှမျိုးဇော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို နံနက်၉နာရီက နေပြည်တော်ရှိရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

တေးစာသားရေးပြိုင်ပွဲ

ပြိုင်ပွဲတွင် အောက်တိုဘာ၅ရက်က "ပွင့်သစ်စပန်း လန်းလေပြီ" ခေါင်းစဉ်ဖြင့် တေးစာသားရေးသား ပြိုင်ပွဲဝင်ခဲ့ပြီး အောက်တိုဘာ၁၇ရက်တွင် သံစဉ်ထည့်သွင်းလေ့ကျင့်ခဲ့သော အဆင့်မြင့်ပညာအဆင့် (အမျိုးသား)နှင့် (အမျိုးသမီး) ပြိုင်ပွဲဝင်များသည် တေးစာသားကို သံစဉ်များထည့်သွင်း၍ ပြိုင်ပွဲဝင်ကြရာတွင် ဧရာဝတီတိုင်းမှ မောင်ကျော်စွာဝင်း၊ တနင်္သာရီတိုင်းမှ မောင်ဇော်လင်းဦး၊ ရန်ကုန်တိုင်းမှ မခင်မြသက်နှင်း၊ မွန်ပြည်နယ်မှ မောင်စည်သူလွင်၊ စစ်ကိုင်းတိုင်းမှ မခင်လေးဝင်း၊ ရန်ကုန်တိုင်းမှ မမိုးမိုးယဉ်မင်း၊ ကရင်ပြည်နယ်မှ ဦးညီညီဟိန်း၊ ကယားပြည်နယ်မှ မောင်စိုးရာဇာဝင်း၊ မန္တလေးတိုင်းမှ မောင်ထင်အောင်ကျော်နှင့် မောင်ဇော်သူတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ၏ မြန်မာဂီတာ အတီးပြိုင်ပွဲကို နံနက်၉နာရီတွင်နေပြည်တော်ရှိရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပသည်။

ဂီတာအတီးပြိုင်ပွဲ

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) မြန်မာဂီတာ အတီးပြိုင်ပွဲကို စတင်ကျင်းပရာ 'လူ့မနော' (ပတ်ပျိုး) သီချင်းဖြင့် ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းဇော်၊ ရန်ကုန်တိုင်းမှ မောင်ထက်ကိုကိုလင်းနှင့် မောင်မင်းထွဋ်၊ ပဲခူးတိုင်းမှ မောင်နန်းတိမ်ယံထွန်းတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) မြန်မာဂီတာအတီးပြိုင်ပွဲကို ကျင်းပရာ 'လူ့မနော'(ပတ်ပျိုး) သီချင်းဖြင့်ပင် ပဲခူးတိုင်းမှ မဖြိုးဖြိုးလင်းနှင့် ရန်ကုန်တိုင်းမှ မပိုးအိကြည်သူဆန်းတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

အလားတူ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)မြန်မာဂီတာ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ 'အန္တရာယ်ကင်း' သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်အောင်သူနိုင်နှင့် မောင်ညီညီလွင်၊ ပဲခူးတိုင်းမှ မောင်ကြာခိုင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့အတူပင် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)မြန်မာဂီတာ အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်းက 'ဆန်းဆန်းသဉ္ဇာညောင်'(ယိုးဒယား) သီချင်းဖြင့် တီးခတ် ပြိုင်ပွဲဝင်သည်။

ထို့နောက် ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) မြန်မာဂီတာ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ 'ဆယ်ဆယ်ယောင်းဒိန်းသံ' သီချင်းဖြင့် မန္တလေးတိုင်းမှ ဦးတင်မောင်ထွေး၊ ရန်ကုန်တိုင်းမှ ဦးခင်မောင်ဝင်းနှင့် ဦးမြင့်ကြည်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာကလည်း ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး မြန်မာဂီတာ အတီးပြိုင်ပွဲတွင် "မင်္ဂလာသီရိ" သီချင်းဖြင့် တီးခတ်ပြိုင်ပွဲဝင်သကဲ့သို့ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသမီး မြန်မာဂီတာအတီးပြိုင်ပွဲ၌ ဧရာဝတီတိုင်းမှ မမေမြတ်တင်က "အမေ့အိမ်" သီချင်းဖြင့် တီးခတ်ပြိုင်ပွဲဝင်သည်။

ဒုံမင်းအတီးပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း)(အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲကို နံနက်၉နာရီတွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်စာသင်ခန်းမ၌ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် "ညဉ့်သုံးယံခါ" (ပတ်ပျိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးမင်းရဲထွန်း၊ မန္တလေးတိုင်းမှ ဦးညွန့်တင်၊ ရှမ်းပြည်နယ်မှ ဦးလှကြိုင်၊ ရန်ကုန်တိုင်းမှ ဦးလှိုင်တင့်ဆွေ၊မန္တလေးတိုင်းမှ ဦးတင်ရှိန်၊ ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်း၊ မွန်ပြည်နယ်မှ ဦးနိုင်ဦး၊ ဧရာဝတီတိုင်းမှ ဦးမြင့်စိုး၊ စစ်ကိုင်းတိုင်းမှ ဦးကျော်ဆွေနှင့် ပဲခူးတိုင်းမှ ဦးလှမြင့်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

အလားတူ ဝါသနာရှင်အဆင့် ဒုတိယတန်း (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်း၊ ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်နှင့် ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့်တို့က "ညဉ့်သုံးယံခါ" (ပတ်ပျိုး)သီချင်းဖြင့် တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "မင်းလမ်းစပ်ကာ"(ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဖေယျာစိုးဦး၊ ပဲခူးတိုင်းမှ မောင်သူရနှင့် ရန်ကုန်တိုင်းမှ မောင်သက်လွင်အောင်ထွန်းတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာဆင့် အသက်(၁၅-၂၀)နှစ်(အမျိုးသမီး) ပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မရွှေစင်ချစ် နှင့် မန္တလေးတိုင်းမှ မခင်နီလာစိုးတို့က "မေတ္တာဂုဏ်" သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်း သစ်တောသုတေသနဌာန စုဝေးခန်းမ၌ဆက်လက်ကျင်းပသည်။

နှဲပြိုင်ပွဲ

ပြိုင်ပွဲကိုကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) (အမျိုးသား) နှဲပြိုင်ပွဲတွင် 'မြိုင်ခြေခိုင်ရွှေ' (ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးလှမြိုင် (ပန်တျာစိန်လှမြိုင်)၊ ရန်ကုန်တိုင်းမှ ဦးဝင်းမောင်မောင်စိန်၊ ဧရာဝတီတိုင်းမှ မောင်မျိုးမင်းသန်း၊ စစ်ကိုင်းတိုင်းမှ မောင်ဝင်းမင်းသန့်၊ မွန်ပြည်နယ်မှ မြန်မာပြည်ချစ်မိုးလျှံ၊ ရခိုင်ပြည်နယ်မှ မောင်ဇင်မင်းထိုက်၊ မန္တလေးတိုင်းမှ ဦးထွန်းထွန်းဝင်း၊ ပဲခူးတိုင်းမှ ဦးခင်ညွန့်နှင့် မန္တလေးတိုင်းမှ ဦးစန်းလွင်တို့ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) နှဲပြိုင်ပွဲတွင် "မြရည်နန္ဒာ" (ဘွဲ့)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ထွန်းနန္ဒ၊ မန္တလေးတိုင်းမှ မောင်ဇင်ဝိုင်း၊ ရန်ကုန်တိုင်းမှ မောင်စိုးသီဟနှင့် မန္တလေးတိုင်းမှ မောင်စိုးသိန်းတို့ ပြိုင်ပွဲဝင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ဆက်လက်ကျင်းပသည်။

အမျိုးသမီးဆိုင်းအဖွဲ့

ထိုသို့ကျင်းပရာတွင် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မမေဇွန်မြင့်ဆွေနှင့် အဖွဲ့၊ မန္တလေးတိုင်းမှ ဒေါ်နုနုလွင်နှင့် အဖွဲ့နှင့် ဒေါ်ကြည်ကြည်စန်းနှင့် အဖွဲ့နှင့် ရန်ကုန်တိုင်းမှ ပေါက်ကျော်မနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးဆိုင်း အဖွဲ့လိုက်ပြိုင်ပွဲကို မွန်းလွဲ၁နာရီတွင် ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မလွင်မီထွန်းနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မအေးနန္ဒာဝင်းနှင့် အဖွဲ့၊ ရန်ကုန်တိုင်းမှ မအိအိမွန်နှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မချောစုလှိုင်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မအေးစုမာနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မသင်းစုလွင်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြပြီး အခြေခံပညာအဆင့် အသက် (၁၀-၁၅) နှစ် အမျိုးသမီး ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မခင်ခင်ဘိုနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်နှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မနန္ဒာဝင်းဗိုလ်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲများကို အောက်တိုဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး လာရောက်ကြည့်ရှုအားပေးကြသော ပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာက မော်တော်ယာဉ်များ စီစဉ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Guan Mu ၊ စစ်သံမှူး Senior Colonel Fan Lian Feng နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သဒ္ဓါသုမနဇာတ်တော်ကြီး ရုပ်သေးပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ယှဉ်ပြိုင် ရန်ကုန်တိုင်းမှ ထက်အာကာရုပ်သေးရုပ်စုံအဖွဲ့ ဖျော်ဖြေတင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၂

ကိုယ်ကျင့်တရား၊ သဒ္ဓါတရား တိုးပွားစေရန်၊ အမှား အမှန်နှင့် ဝေဖန်ပိုင်းခြား လူသားဖုံဖုံ ဒုစရိုက်တို့ကို ကြိုက်ကြံဘိက ရှောင်နိုင်ကြရန် စေတနာဖြင့် တင်ဆက်ဖျော်ဖြေယှဉ်ပြိုင်သည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ သဒ္ဓါသုမနဇာတ်တော်ကြီး ရုပ်သေးပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် ဒုတိယနေ့အဖြစ် ရန်ကုန်တိုင်းမှ ထက်အာကာ ရုပ်သေးရုပ်စုံအဖွဲ့က နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်သည်။

ကြည့်ရှုအားပေး

အဆိုပါ ရုပ်သေးပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်ရာသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နေပြည်တော်တွင် ရောက်ရှိနေသော ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသား ယဉ်ကျေးမှု ကိုယ်စားလှယ်များ၊ ပျဉ်းမနားခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှ မြန်မာ့ရုပ်သေး အနုပညာကိုချစ်မြတ်နိုးကြသောပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

တီးမှုတ်ပေး

ယနေ့ည ယှဉ်ပြိုင်သည့် ရန်ကုန်တိုင်းမှ ထက်အာကာရုပ်သေးရုပ်စုံအဖွဲ့တွင် ကြီးကြပ်ရေးနာယကများ အဖြစ် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဦးတင်စိုး၊ ဌာနမှူး(စီမံ) ဦးထွန်းဝေနှင့် တွဲဖက် ပါမောက္ခ ဒေါ်သိန်းသိန်းခင်တို့က ဆောင်ရွက်ကြပြီး ဆိုင်ဝိုင်းပြောနှင့် ကြိုးဆွဲပညာရှင်များအဖြစ် ဦးမောင်မောင်မင်းကြည်၊ ဦးရဲဝင်းနိုင်၊ဦးနိုင်လင်း၊ ဦးကျော်ဌေး၊ ဦးနိုင်မင်းဦး၊ ဦးသန်းထွန်းလင်း၊ ဒေါ်စန္ဒာဝင်း၊ ဒေါ်မေသူဝင်း၊ ဒေါ်ဝင်းဝင်းထွေး၊ ဒေါ်ကျော့ကျော့ယဉ်၊ ဒေါ်အေးအေးခိုင်၊ ဒေါ်ချောကလျာအေးနှင့် ဒေါ်မိုးမိုးကြည်တို့က ဆောင်ရွက်ကြကာ ဦးမောင်မောင်ဆင့်(ခ)စိန်ဗိုလ်ဆင့်နှင့် အဖွဲ့က ဇာတ်ပို့ဆိုင်းကို တီးမှုတ်ပေးကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်ရာတွင် အနူရာဓမင်း ညီလာခံခန်း၊ သဒ္ဓါသုမန အလှူပေးခန်း၊ သဒ္ဓါသုမန ဇာတ်ဝင်နှစ်ပါးသွားခန်း၊ ကိုသောနတို့ မိဘထံ ပြန်ရောက်ခန်း၊ ဒိဋ္ဌမျှား တရားဆွေးနွေးခန်း၊ သူဌေးနှင့် ချွေးမ ဝါဒပြိုင်ခန်း၊ ကိုသောန ဆန်ရောင်းသွားခန်း၊ ဒိဋ္ဌကျောင်း၊ သူဌေးနှင့် ဆွေးနွေးခန်း၊ သဒ္ဓါသုမန အိမ်ပေါ်က ဆင်းခန်း၊ မယ်သုမန ရွာပြန်ခန်း၊ ကိုသောန ဆန်ရောင်းရာမှ ပြန်လာခန်း၊ အနူရာဓဘုရင် တိုင်းခန်းလှည့်ခန်း၊ ကိုသောနနှင့် သဒ္ဓါသုမန ပြန်ဆုံ၍ ဇာတ်ပေါင်းခန်းတို့ကို ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

ပီတိသုခ မြစ်ဒါန

ဇေယျာမျိုးထက်

မိုးလေးက တဖွဲဖွဲရွာနေသည်။ ပတ်ဝန်းကျင်ကို ရထားပြတင်းပေါက်မှတစ်ဆင့် ကြည့်မိသည်၊ စိမ်းစိမ်းစိုစိုနှင့် ပျိုးပင်များ၊ စိုက်ပြီးစပါးခင်းများက ကြည့်လိုက်သည့် မြင်ကွင်းတိုင်းကို စိုးမိုးနေသည်။ မြင်ကွင်းက ရင်ထဲသို့ အေးမြစွာစီးဝင်လာပြီး စိတ်ကို ကြည်လင်လန်းဆန်းစေသည်။

သွားရမည့်အကြောင်းကို တွေးမိတော့ မင်္ဂလာရှိသော ဝမ်းသာကြည်နူးမှုအပြည့်ဖြင့် သွားရမည့် အလှူကိစ္စဖြစ်သည်။ မိသားစု လစဉ်ဝင်ငွေထဲမှ ချွေတာစုဆောင်းမိသောငွေဖြင့် ဒါနကုသိုလ်ပြုလုပ်ခြင်းဖြစ်သည့်အတွက် မွန်မြတ်သောအလှူဖြစ်၍ စိတ်နှလုံးမှာ ချမ်းမြေ့မှုများဖုံးလွှမ်းခဲ့ရသည်။ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ မိသားစုနှင့်အတူ တက်ရောက်၍ ကိုယ်တိုင်ကိုယ်ကျ အလှူငွေပေးအပ်ရမည်ကို တွေးတွေးပြီး ကျေနပ်နေမိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဒွါဒသမအကြိမ်မြောက် ရေအလှူငွေပေးအပ်ပွဲ အခမ်းအနားကို ၉-၄-၂၀၀၆ရက်နေ့ ညနေ ၃:၀၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန ရိပ်သာခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စီမံကိန်းချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာပေါင်း ၈၀၄၂ရွာအနက် ၇၇၇၆ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နိုင်ခဲ့သဖြင့် ၉၇ရာခိုင်နှုန်းခန့် ပြီးစီးခဲ့ပြီး၊ အခြား ပြည်နယ်နှင့်တိုင်း ၁၄ခုရှိ ကျေးရွာ ၁၅၁၈၃ရွာအနက် ကျေးရွာပေါင်း ၈၄၉၀ကို သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၅၆ရာခိုင်နှုန်း ပြီးစီးခဲ့သည်။ ထို့ကြောင့် ပြည်နယ်နှင့်တိုင်းအားလုံး စုစုပေါင်း ၂၃၂၂၅ရွာအနက် ကျေးရွာပေါင်း ၁၆၂၆၆ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေများမှာ ပထမအကြိမ်မှ ကောဒသမအကြိမ်အထိ စုစုပေါင်း အလှူရှင် ၁၆၄၉ဦးမှ ငွေကျပ် ၁၃၀၆၁ ဒသမ၀၇သိန်း၊ အမေရိကန်ဒေါ်လာ ၇၆၇၅၂၊ ယူရို ၇၇၀နှင့် အက်ဖ်အီးစီ ၁၀၀၁၂ဖြစ်ပြီး ဒွါဒသမအကြိမ်အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၁၀၄ဦးက အလှူငွေ ၉၆၆ ဒသမ ၈၄၈၅ သိန်း ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။

ပထမအကြိမ်မှ ကောဒသမအကြိမ်အထိ အလှူရှင်များ လှူဒါန်းငွေဖြင့် အပူပိုင်းဒေသ တိုင်းသုံးတိုင်းတွင် စက်ရေတွင်းပေါင်း ၁၆၅၅တွင်း၊ အခြားပြည်နယ်နှင့် တိုင်းများတွင် ၄၆၁တွင်း စုစုပေါင်း တွင်းပေါင်း ၂၁၆၆တွင်း တူးဖော်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်လျက်ရှိရာ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းတွင် ချောင်းဦး၊ မြင်းမူ၊ မြောင်၊ ခင်ဦး၊ ကသာ၊ ကောလင်းနှင့် တမူးမြို့နယ် ခုနစ်မြို့နယ်၊ မကွေးတိုင်းတွင် တောင်တွင်းကြီး၊ မင်းဘူး၊ အောင်လံ၊ ပွင့်ဖြူ၊ ကံမ၊ မင်းတုန်း၊ ဆော၊ ပခုက္ကူ၊ မြိုင်၊ ရေစကြို၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ် ၁၂မြို့နယ်၊ မန္တလေးတိုင်းတွင် မြစ်သား၊ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာ၊ စဉ့်ကိုင်၊ တံတားဦး၊ မတ္တရာ၊ လယ်ဝေး၊ ဝမ်းတွင်း၊ သာစည်နှင့်အမရပူရမြို့နယ် ၁၁မြို့နယ် စုစုပေါင်း မြို့နယ် ၃၀တွင် မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်သကဲ့သို့ ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိခဲ့ကြသည့် ကျေးရွာတိုင်းမှ ပြည်သူများ ဝမ်းသာ ပျော်ရွှင်နေကြမည့် မျက်နှာများကို အတွေးမှာ မြင်ယောင်နေမိသည်။

အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်အသီးသီး ပေးအပ်သည့် အလှူငွေများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက အလှူငွေများလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ အလှူငွေများ ပေးအပ်ပြီးနောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းအကြောင်းကို ခံစားမှုအပြည့်ပါသည့် ပီတိဖုံးသော စကားလုံးများဖြင့် ပြောကြားခဲ့သည်။

အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းအကြောင်း ပြောကြားပြီးနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြောကြားခဲ့သော အမှာစကားများအနက်မှ-

"အလှူရှင်များ၏ လှူဒါန်းငွေကို ကိန်းဂဏန်းများဖြင့် ဖော်ပြနိုင်သော်လည်း စေတနာ၊ သဒ္ဓါအားမှာ မဖော်ပြနိုင်အောင် ကြီးမားနေသည်ဟု ယုံကြည်မိပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပြီး မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း"

ဟူသည့် စကားရပ်အား အလှူရှင်တစ်ဦးအနေဖြင့် ရင်ထဲ၌ စွဲမြဲစွာမှတ်မိနေခဲ့သည်။

ရေလှူဒါန်းခြင်းဖြင့် "လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြား လူသိများခြင်း၊ ဆာလောင် မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးခြင်းနှင့် ဉာဏ်ပညာကြီးခြင်း" တည်းဟူသော ရေအလှူဒါန၏ အကျိုး၁၀ပါးကို ဆုမတောင်းဘဲ ရရှိနိုင်ရုံမက **ရေအတွက် ပင်ပန်းကြီးစွာ ဒုက္ခခံစားနေရသော ကျေးလက်ပြည်သူများအတွက် လိုအပ်သည့်နေရာ၊ ခက်ခဲသည့်နေရာများတွင် ဖြည့်ဆည်းခွင့်ရရှိခဲ့သည့် အလှူဒါနက ဘယ်အရာနှင့်မျှ နှိုင်းယှဉ်၍မရသည့် ပီတိသုခကို ခံစားရရှိခဲ့**ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

ရေအတွက် ပင်ပန်းကြီးစွာ ဒုက္ခခံစားနေရသော ကျေးလက်ပြည်သူများအတွက် လိုအပ်သည့်နေရာ၊ခက်ခဲသည့်နေရာများတွင် ဖြည့်ဆည်းခွင့်ရရှိခဲ့သည့် အလှူဒါနက ဘယ်အရာနှင့်မျှ နှိုင်းယှဉ်၍မရသည့် ပီတိသုခကို ခံစားရရှိခဲ့။

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးစက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့်ကျေးလက်ဒေသများ၌ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ရေရှားပါးသည့်ကျေးလက်ဒေသများ၌ စက်ရေတွင်းများကို တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်း လှူဒါန်းလိုသူများအနေဖြင့် နှစ်လက်မ စက်ရေတွင်းကို အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံဖြင့် ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်းကို အနက်ပေ ၄၀၀တစ်တွင်း စက်ပစ္စည်းစုံဖြင့် ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်းကို အနက်ပေ၂၀၀တစ်တွင်း စက်ပစ္စည်းစုံဖြင့်ငွေကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်ကြသည်။

ရေလှူဒါန်းခြင်းဖြင့် ရေအကျိုး ၁၀ပါးကိုဆုမတောင်းဘဲရရှိနိုင်သည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၈၀၂၆၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၈၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)ဖုန်း-၀၁-၂၈၁၉၆၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ)ဖုန်း-၀၆၇-၄၀၈၄၀၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄ နှင့် ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် လမ်း၅၀ အမှတ် ၁၀၀(မြေညီထပ်)နေ ဒေါ်ရင်မေမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာ ကျောင်းနာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် မိတ္ထီလာမြို့ ဈေးအရှေ့ သီရိမင်္ဂလာ(က)ရပ်ကွက်နေ ဒေါ်ဝင်းနှင့် သား၊ သမီး၊ မြေးတစ်စုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ စုပေါင်းမဟာဘုံကထိန်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကမာရွတ်ဘူတာ နောက်ကျောဘက် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်ကြီးတွင် ကမ္ဘာ့ ဗုဒ္ဓသာသနာပြု ဖြူးဆရာတော် အမှူးပြုသော သံဃာတော်များနှင့် ပင့်သံဃာတော်အရှင်သူမြတ်တို့အား သတ္တမအကြိမ် စုပေါင်းမဟာ ဘုံကထိန်ပွဲတော်ကြီးကို ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက် (နိုဝင်ဘာ ၃ရက်) သောကြာနေ့ နံနက်၉နာရီတွင် ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အကြိုဓမ္မသဘင်ကို နိုဝင်ဘာ ၂ရက်တွင် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိနှင့်၃ရက်တွင်သီတဂူဆရာတော် ဒေါက်တာ ဉာဏိဿရ အရှင်သူမြတ်တို့က တရားတော်များ ဟောကြားမည်ဖြစ်သည်။ မဟာဘုံကထိန်ပွဲတော်အတွက် လှူဒါန်းလိုသူများ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဖုန်း- ၅၃၀၀၆၈၊ ၅၀၁၈၄၆၊ လိုင်းခွဲ(၁၈၁) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အကြိမ်(၂၀)မြောက် မိသားစုမဟာကထိန်တော်

ရန်ကုန် အောက်တိုဘာ ၂၂

အကြိမ်(၂၀)မြောက် မန္တလေးမြို့ ရွှေနေကြီးများ၏ မိသားစုမဟာဘုံကထိန်တော်ကို လားရှိုးမြို့ မြို့လယ်ပရိယတ္တိစာသင်တိုက် ဆရာတော် ဦးစန္ဒိမာ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကျောင်းတွင် သံဃာတော်နှင့် သာမဏေ စုစုပေါင်း ၂၀၁ပါးတို့အား ကထိန်သင်္ကန်း၂၀၁စုံ၊ ရာသက်ပန် ဆွမ်းပဒေသာပင်အလှူငွေ ကျပ်သိန်း၃၀နှင့်လှူဖွယ်ဝတ္ထု အစုစုတို့ကို ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၄ ရက်) စနေနေ့ နံနက်၉နာရီတွင် ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေကြမည်ဟု သိရသည်။ **(က-ပ)**

မူးယစ်ကင်းစင် အလှဆင်

တနင်္သာရီတိုင်းတွင် မိုးစပါးကေ ငါးသိန်း၊ နွေစပါးကေ ငါးသောင်းစိုက်ပျိုးရန်လျာထား ဒေသဆန်ဖူလုံအောင် စပါးစိုက်ပျိုးမှုတိုးတက်ရေး ပညာပေးဆွေးနွေး ခြိစည်းရိုးကြက်ဆူပင် သတ်မှတ်ကေပြည့်မီရေး ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး

နေပြည်တော် အောက်တိုဘာ ၂၂

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် အောက်တိုဘာ ၁၆ ရက် နံနက် ၇ နာရီခွဲက မြိတ်မြို့ စန္ဒဝတီကုန်းတော်ပေါ်ရှိ အမရဝတီ သာသနာ့ဗိမာန်တော်သို့သွားရောက်ကြပြီး မြိတ်မြို့ရှိ ဆရာတော်၊ သံဃာတော်တို့အား ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

နဝင်္ဂသီလချီးမြှင့်

အခမ်းအနားတွင် နိုင်ငံတော် ဩဝါဒါစရိယ မြိတ်မြို့ စံကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသက နဝင်္ဂသီလ ချီးမြှင့်တော်မူပြီး ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တော်တို့ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စံကျောင်းဆရာတော်အား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းနှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြိတ်မြို့ ကန်သာကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ စန္ဒဝတ် တောင်တော်ပေါ်ရှိ မဟာသိဒ္ဓိဇယ စေတီတော်သို့ သွားရောက်၍ စေတီတော် ဂန္ဓကုဋိတိုက်တော် အရှေ့ဘက်မုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ နံ့သာ၊ သစ်သီးဆွမ်းတော်တို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် စေတီတော်ဂန္ဓကုဋိတိုက်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ မှတ်တမ်းတင် ပန်းချီကားများ၊ သာသနိက အနုလက်ရာများကို လက်ယာရစ်တစ်ပတ် လှည့်လည် ကြည့်ရှုကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စေတီတော်နှင့်စပ်လျဉ်း၍ ဂေါပကအဖွဲ့ဝင်များအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ရှိ တိုင်းရန်အောင်ခန်းမ၌ တနင်္သာရီတိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းအခမ်းအနား၌ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ရဲမှူးကြီး မြင့်စိုးက ဒေသဝမ်းစာဖူလုံရေး၊ ဆီအုန်းဧကငါးသိန်း၊ ရော်ဘာဧကနှစ်သိန်း၊ ငရုတ်ကောင်းဧက ၃၆ဝ၄၁ ဧကနှင့် ခြံစည်းရိုးကြက်ဆူဧကငါးသိန်းပြည့်မီအောင် ဆောင်ရွက်နေမှုအခြေအနေ၊ ရေထွက်ပစ္စည်းထုတ်လုပ်မှု၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တနင်္သာရီတိုင်း စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များက တနင်္သာရီတိုင်းအနေဖြင့် မိုးစပါး လျာထားချက် ဧက ၄၅ဝဝဝဝ အနက် ၄၁၂၈၅၆ ဧက စိုက်ပျိုးပြီးစီးနေမှုနှင့် နှစ်ကုန်တွင် လျာထားဧက ပြည့်မီအောင်စိုက်ပျိုးမည့်အခြေအနေ၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုး ဆောင်ရွက်မှု၊ လယ်ယာမြေများတိုးချဲ့ဖော်ထုတ် ဆောင်ရွက်မည့် အစီအစဉ်များကို အသီးသီး ရှင်းလင်း တင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကား ပြောကြားရာတွင် တနင်္သာရီတိုင်းအနေဖြင့် မိုးစပါးဧက ငါးသိန်း၊ နွေစပါးဧက ငါးသောင်းပြည့်မီအောင် စိုက်ပျိုးရန် လျာထားပြီး ဒေသဆန်ဖူလုံအောင် ဆောင်ရွက်ရန် သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ ဒေသခံ ပြည်သူများအား ဒေသဆန်ဖူလုံအောင် စပါးစိုက်ပျိုးမှု တိုးတက်ရေးအတွက် ပညာပေးဆွေးနွေးမှုများကို သက်ဆိုင်ရာ စိုက်ကြပ်အဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ပိုမိုဆောင်ရွက်ရန် လိုအပ်ကြောင်း။

ပညာပေးဆွေးနွေး

ထို့အတူ ခြံစည်းရိုးကြက်ဆူပင်ကို တစ်နိုင်ငံလုံး၌ အမျိုးသားရေး တာဝန်အဖြစ် ခံယူစိုက်ပျိုးနေချိန်တွင် တနင်္သာရီတိုင်းကလည်း သတ်မှတ်စိုက် ဧကငါးသိန်း ပြည့်မီအောင် အိမ်တိုင်း၊ ရွာတိုင်း၊ ရုံးတိုင်း၌ ခြံစည်းရိုးအဖြစ်လည်းကောင်း၊ စီးပွားဖြစ် စိုက်ပျိုးနိုင်မည့် လုပ်ငန်းရှင်များအား ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြစေရေး အတွက် အသိပညာပေး ဆွေးနွေးဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

စားအုန်းဆီကို တနင်္သာရီတိုင်း အနေဖြင့် ဆီအုန်းဧကငါးသိန်းပြည့်မီအောင် အရှိန်မပျက် ဆက်လက်ဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့အတူ ရော်ဘာသည်လည်း နိုင်ငံတကာ ဈေးကွက်ဝင် ဖြစ်သဖြင့် အလေးထား၍ စိုက်ဧကပြည့်မီအောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရည်မြင့်မားရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ရေးလုပ်ငန်းများကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မြိတ်မြို့သစ် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးကိုလည်း အလေးထားကြိုးပမ်း ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့မှ ရေယာဉ်များဖြင့် ကျွန်းစုမြို့နယ် ကျွန်းစုမြို့သို့သွားရောက်ကြရာ တနင်္သာရီတိုင်း ရေတပ်စခန်း ဆည့်ရိပ်သာ၌ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဒေသဖွံ့ဖြိုးမှုအခြေအနေများကိုမေးမြန်းဆွေးနွေးပြီး တနင်္သာရီ ရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးသူရ သက်ဆွေ၊ ကျွန်းစုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ရှင်းလင်းတင်ပြကြ၍ တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကျွန်းစုမြို့နယ်ရှိ တနင်္သာရီရေတပ်စခန်း ဌာနချုပ်မှ အရာရှိ စစ်သည်နှင့် မိသားစုဝင်များနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးဗိုလ်မှူးချုပ်ခင်ဇော်ဦးတို့က တနင်္သာရီ ရေတပ်စခန်းဌာနချုပ်အတွက် ထောက်ပံ့ငွေ ကျပ် ၁၀ သိန်းကို ပေးအပ်ရာ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးသူရ သက်ဆွေက လက်ခံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် ကျွန်းစုမြို့ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆေးကုသမှု ခံယူနေကြသော ပြည်သူများအား လှည့်လည် ကြည့်ရှုအားပေး စကားပြောကြားပြီး ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းများကို လှည့်လည် ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုက ဒေသတွင်းကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက ကျွန်းစုမြို့ ပြည်သူ့ဆေးရုံ အတွက် ငွေကျပ်ရှစ်သိန်းကို ဆေးရုံအုပ် ဒေါက်တာမောင်မောင်ထံ ပေးအပ်လှူဒါန်းသည်။

ရောက်ရှိ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျွန်းစုမြို့မှ ရေယာဉ်များဖြင့်ပြန်လည်ထွက်ခွာကြရာညနေပိုင်းတွင် မြိတ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မော်လမြိုင်မြို့ သာမည မိုးကုတ်ဝိပဿနာ ဈေးကြိုဆန်တန်းကျောင်းသစ်ကျောင်း၌ ကျပ်သိန်း ၂၅၀၀ကျော် အကုန်အကျခံတည်ဆောက်လျက်ရှိသော အလိုတော်ပြည့်ဓမ္မာရုံ တည်ဆောက်ရန်အတွက် ရန်ကုန်မြို့နေ ဒေါ်နန်းရှင်သား မောင်ကျော်စိုးလင်း မိသားစုက အလှူတော်ငွေ ကျပ် ၃၂ သိန်းကို ဦးစီးပဓာန နာယက ကမ္မဋ္ဌာနာစရိယ တစ်ဘဝသာသနာ ဆရာတော် အရှင်သောဘန (B.Sc ,Phy:) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပရေးအထိမ်းအမှတ် အကြိုလှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူ

ရန်ကုန် အောက်တိုဘာ ၂၂

ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီက ကြီးမှူးကျင်းပသော တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပရေး အထိမ်းအမှတ်အကြို လှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ရက် နံနက်၇ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပရေး အထိမ်းအမှတ် အကြိုလှုံ့ဆော်ရေး မြေစိုက်ပိုစတာကို ရန်ကုန်တိုင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်းက တတိယအကြိမ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပရေး အထိမ်းအမှတ် အကြိုလှုံ့ဆော်ရေး မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** အလားတူ ရန်ကုန်မြို့ (၈) မိုင်လမ်းဆုံ၊ လှည်းတန်းလမ်းဆုံ၊ မြေနီကုန်း၊ ရန်ကင်းစင်တာရှေ့၊ ကမ္ဘာအေးစေတီလမ်းနှင့် ဆရာစံလမ်းဆုံတို့၌လည်း စိုက်ထူကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘုံကထိန်နှင့် စာအောင်သံဃာများ ဆုဆက်ကပ်မည်

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံ ရွှေကျင်တိုက်သစ် စာသင်တိုက်ကြီး၏ (၃၄) ကြိမ်မြောက် ဘုံကထိန်နှင့် စာချစာအောင် သံဃာတော်များအား ဆုဆက်ကပ်အလှူ ပူဇော်ပွဲကို (၁၃၆၈ခု တန်ဆောင်မုန်း လဆန်း ၉ ရက်) အောက်တိုဘာ ၂၉ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည် ဖြစ်ပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်းစသည်ဖြင့် လှူဒါန်းလိုသူ အလှူရှင်များ အမှုဆောင်အဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အောက်တိုဘာ ၁၃ရက်က ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မြန်မာမုန့်အမျိုးမျိုး ပြုလုပ်နည်းသင်တန်း (၃/၂၀၀၆) ဖွင့်ပွဲနှင့် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကို အသင်းခန်းမ၌ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများ ပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မာမာဝေက လက်ခံယူစဉ်။ (က-ပ)

အလိုတော်ပြည့်ကျောင်းတိုက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေကလေးရပ်ကွက် ပင်ရွှေညောင်လမ်း အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်) အောက်တိုဘာ ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ပုရိမဝါမှထမြောက်သော ဆရာတော် သံဃာတော်များအား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်ဖြစ်ရာ ရပ်ဝေး ရပ်နီးရှိ တပည့် ဒါယကာ၊ ဒါယိကာမများအား ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဖျာပုံမြို့နယ်အသင်း မြို့ဦးပြာသာဒ်ကျောင်း၌ ကထိန်ခင်းမည်

ရန်ကုန် အောက်တိုဘာ ၂၂

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် ကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲကို အောက်တိုဘာ ၂၉ ရက်တွင် ဖျာပုံမြို့ မြို့ဦးပြာသာဒ် ကျောင်းတိုက်ဆရာတော် အမှူးထား၍ ပင့်သံဃာအပါး ၁၀၀အား အရုဏ်ဆွမ်း ဆက်ကပ်ခြင်း၊ ကထိန်သင်္ကန်းကပ်လှူ ပူဇော်ခြင်းတို့ဖြင့် ကျင်းပမည်ဖြစ်ပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သော ဖျာပုံမြို့နယ်မှ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား (၃) ကြိမ်မြောက် ပညာချွန်ဆုပေးပွဲကို အမှတ်(၂)ကျောင်းခန်းမ၌ ပူးတွဲပြုလုပ်မည်ဖြစ်ရာ ကထိန်ပွဲသို့ လိုက်ပါလိုသူများ ဆွမ်း၊ သင်္ကန်းလှူဒါန်းလိုသူများသည် ဗိုလ်မှူးကြီးစိန်သန်း ဖုန်း-၃၉၅၀၉၁၊ ဦးခင်ဦး ဖုန်း-၅၁၄၈၇၉၊ ဒေါ်ကေသီမြင့် ဖုန်း-၅၃၇၉၉၇၊ ရဲသူရသန်းလှိုင် ဖုန်း-၃၇၉၂၃၁၊ ဦးကျော်ဆန်းနိုင် ဖုန်း-၅၈၄၈၈၁၊ ဒေါ်မေမေလွင် ဖုန်း-၀၉-၅၁-၅၃၄၁၄နှင့် ဖျာပုံအသင်းတိုက် ဖုန်း-၃၉၂၁၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖွံ့ဖြိုးသာစွ တို့ပြည်အလှ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် အောက်တိုဘာ ၂၂

၂၀၀၇ ခုနှစ် ဇန်နဝါရီ၄ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ဖွံ့ဖြိုးသာစွ တို့ပြည်အလှ ခေါင်းစဉ်ဖြင့် ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့ရာ စိစစ်အကဲဖြတ်ရေးအဖွဲ့က ဆုများကို ရွေးချယ်သတ်မှတ်ပြီးဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ပထမဆု အောင်ကျော်ထွန်း (ပုသိမ်ကြီး)၊ ဒုတိယဆု ဝေကြည်မိုး(ရန်ကုန်တက္ကသိုလ်)၊ တတိယဆု ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)တို့က ရရှိကြပြီး အထူးဆုများအဖြစ် ကိုကိုဆန်နီ (သီဂီရွှေရည်)၊ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ သန်းထွန်းဦး (ဆောင်းနှင်း)၊ ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)၊ သားသူ၊ ကိုဦး (Image°Hunter)(နှစ်ဆု)၊ ဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်)၊ စိုးညွန့်(ကြေးမုံ) နှင့် ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)တို့ ရရှိကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ရွာရန်ရာနှုန်း ၆၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် စုပေါင်းမဟာဘုံကထိန်ခင်း

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ၁၆/၂ရပ်ကွက် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်တွင် ပုရိမဝါမှ ထတော်မူကြသော တိပိဋကရေ တိပိဋကကောဝိဒ အရှင်သုန္ဒရ အမှူးပြုသော သံဃာတော် အရှင်သူမြတ်တို့အား ကထိန်လျာသင်္ကန်း ဆက်ကပ်သည့်စုပေါင်း မဟာဘုံကထိန်အခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော် အရှင်သုန္ဒရက ငါးပါးသီလ ချီးမြှင့်ပေးပြီး စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှသိန်းက ဝမ်းမြောက်စကားပြောကြားသည်။ ဆက်လက်၍ ကထိန်ဒါယကာ ဦးဘခင်၊ ကထိန်ဒါယိကာမ ဒေါ်ရှုကြည်၊ ညီမဒေါ်ရီမေသင်း မိသားစုနှင့်စွန်းလွန်းယောဂီများက ကထိန်လျာသင်္ကန်း ဆက်ကပ်ကြပြီး တိပိဋကရေ ဆရာတော်က ကထိန်အနုမောဒနာ တရားဟောကြားတော်မူသည်။ **(က-ပ)**

ပေါလ်စခိုးနှင့်ဖာဒီနန် မန်ယူ၏ထိပ်ဆုံးနေရာကိုလက်လွှတ်မခံ

သတင်းမြင်ကွင်း—မြင့်စိုး

လန်ဒန် အောက်တိုဘာ ၂၂

ပရီမီယာလိဂ်ပွဲစဉ်(၉) ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ၂၂ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ချက်စတာယူနိုက်တက်အသင်းက အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ လီဗာပူးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အနိုင်ဂိုး

မန်ယူအတွက် အနိုင်ဂိုးကို ပွဲချိန် ၃၉မိနစ်တွင် ကွင်းလယ်ကစားသမား ပေါလ်စခိုးက သွင်းယူလိုက်ခြင်းဖြစ်သည်။

ယင်းပွဲစဉ်သည် ပေါလ်စခိုး၏ မန်ယူတွင် ပါဝင်ကစားသည့် ၅၀၀ မြောက် ပွဲဖြစ်သည်။

ပေါလ်စခိုးသွင်းယူခဲ့သည့်ဂိုးမှာ လီဗာပူးတိုက်စစ်မှူး ဒတ်ကွတ်သည် ဂွန်ဇာလက် ဖြတ်တင်ပေးလိုက်သော ဘောလုံးကို ခေါင်းတိုက်သွင်းရန်ကြိုးစားအပြီး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မန်ယူတို့ ပရီမီယာလိဂ်တန်းစီဇယား ထိပ်ဆုံးနေရာ ပြန်ရောက်ရှိရေးအတွက် နောက်တန်းလူ ဖာဒီနန်ကလည်း သေချာပေါက်တစ်ဂိုးကို ပွဲချိန် ၆၆မိနစ်တွင် သွင်းပေးခဲ့ပြန်သည်။



မန်ယူတိုက်စစ်မှူး ပေါလ်စခိုး လီဗာပူးအသင်းဘက်သို့ ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ကစားကွက်သွက်လက်လာ

လီဗာပူးတိုက်စစ်မှူး ဒတ်ကွတ်သည် ပွဲအစတွင် မန်ယူကွင်းလယ် ကစားကွက်ကို ခြိမ်းခြောက်ကစားနိုင်ခဲ့သည်။ အိမ်ရှင်မန်ယူအသင်းသည်လည်း ပထမပိုင်းတွင် လူးဝစ်ဆာဟာ၏ ဂိုးသွင်းခွင့်များနှင့်အတူ ကစားကွက် သွက်လာသည်။

စတီဗင်ဂျရတ်ဖြတ်ပို့သောဘောလုံးမှာလည်း မြင့်တက်သွား၍ ဒတ်ကွတ် အခွင့်အလမ်းနှင့်လွဲခဲ့ရသည်။

လီဗာပူးဂိုးသမားရေးနာသည် ဆာဟာ သွင်းယူရန် ကြိုးစားမှုကိုလည်း ကာကွယ်လိုက်သည်။ လီဗာပူးနည်းပြ ဘင်နီတက်ဇ်သည် တစ်ဂိုးသွင်းခံထားရသဖြင့် ဒုတိယပိုင်းတွင် ငါးမိနစ်သာစောင့်နိုင်ခဲ့ပြီး ဂွန်ဇာလက်အစား ပင်းနင့်ကို လဲကစားခဲ့သည်။ ပွဲချိန်မိနစ် ၇၀ တွင် အလွှန်ဆိုအစား ပီတာခရောက်ချ်ကို လဲကစားခဲ့သည်။ သို့သော်လည်း ပီတာခရောက်ချ်က ဂိုးသမားဗန်ဒါဆာအား ကြမ်းတမ်းစွာ ကစားခဲ့၍ အဝါကတ်အပြခံရသည်။

ဖန်တီးနိုင်မှု အားနည်းခဲ့

လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျရတ် ကွင်းလယ်တွင် မွှေနှောက် ကစားခဲ့သော်လည်း ဂိုးသွင်းခွင့်များရအောင် ဖန်တီးနိုင်မှုမှာ အားနည်းခဲ့ရသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရလိုက်၍ တန်းစီဇယားထိပ်ဆုံးနေရာကို ပြန်လည်ရယူနိုင်ခဲ့သည်။ မန်ယူတို့ ကိုးပွဲကစားရာတွင် ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ကာ ရမှတ်၂၂မှတ်ဖြင့် ထိပ်ဆုံးနေရာသို့ ပြန်ရောက်လာသည်။

ထိပ်ဆုံးနေရာသို့ရောက်လာ

ယမန်နေ့က ချယ်လ်ဆီးက ပို့စ်မောက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထား၍ ထိပ်ဆုံးနေရာသို့ရောက်လာသည်။ သို့သော် မန်ယူနှင့်ချယ်လ်ဆီးတို့ ရမှတ်ချင်း တူညီနေသော်လည်း ဂိုးကွာခြားချက်အရ မန်ယူက ချယ်လ်ဆီးကို စိုးမိုးထားနိုင်ဆဲဖြစ်သည်။

အခြားပွဲ ရလဒ်များ

ဘလက်ဘန်း	၀	–	၁	ဘော်လ်တန်
မစ်ဒယ်ဘရော	၁	–	၀	နယူးကာဆယ်
တော့တင်ဟမ်	၁	–	၀	ဝက်စ်ဟမ်း
ရက်ဒင်း	၀	–	၄	အာဆင်နယ်။

(အင်တာနက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

အမှိုက်များ စနစ်တကျ စွန့်ပစ်စေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် မြို့သစ် ရပ်ကွက် ဓမ္မရိပ်သာလမ်းမှ ဈေးသည်များသည် အမှိုက်များကို ရေမြောင်းထဲပစ်ချခြင်းကြောင့် ပတ်ဝန်းကျင်နေပြည်သူများ အနံ့ဆိုးများ ရှူရှိုက်နေရသဖြင့် ကျန်းမာရေးထိခိုက်လျက် ရှိရာ အမှိုက်များ စနစ်တကျ စွန့်ပစ်ရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **မြို့သစ်သား**

သန်လျင်အုတ်ဖိုစုလမ်း လျှပ်စစ်မီးလင်းစေချင်

စာတည်းခင်ဗျား-

ရန်ကုန်တောင်ပိုင်းခရိုင်သန်လျင်မြို့နယ် အုတ်ဖိုစုရပ်ကွက် အုတ်ဖိုစုလမ်းတွင်ရှိသော မီတာရှိသည့်အိမ်များမှ မီးကြိုးလဲလှယ်ရန်အတွက် တစ်အိမ်လျှင် ငွေကျပ် ၃၀၀၀ ဖြင့် လွန်ခဲ့သော နှစ်နှစ်ကျော်ခန့်က ကောက်ခံထားသော်လည်း ယနေ့ထိ လဲလှယ်ခြင်း မရှိသေးပါ။ ယခုအခါ စီမံချက်ဖြင့် မီတာများ ချပေးထား၍ မီးသုံးစွဲသူများပြားလာမှုကြောင့် မီးအားများ ကျဆင်းလျက်ရှိရာ မီးကြိုးများလဲလှယ်ရေး သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျောင်းသားမိဘများ**

ပုံကျဈေးသည်များ ဖယ်ရှားပြီးစီး

(၁၈-၉-၂၀၀၆)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပုံကျဈေးသည်များဖယ်ရှားပေးစေလို** ပေးစာနှင့်ပတ်သက်၍ မော်လမြိုင်မြို့ ဈေးကြီးရပ် သထုံတံတားလမ်းတစ်လျှောက် (အောက်လမ်းမကြီးနှင့် ကမ်းနားလမ်းကြား) ပုံကျဈေးသည်များ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **(အပေါ်ပုံ)** **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ဝက်ခြံမှ အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

မန္တလေးမြို့ ရတနာပုံမြို့သစ် (ဆ)ရပ်ကွက်တွင် ဝက်များကို စီးပွားဖြစ်မွေးမြူထားရာ ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်လျက် ရှိပါသဖြင့် ရပ်ကွက်အတွင်း ဝက်မွေးမြူခြင်းကို တားမြစ်ပေးပါရန်တင်ပြအပ်ပါသည်။ **ကျန်းမာရေးထိခိုက်နေသူ**

ကန်တော်ကလေး အိမ်ရာစခန်းရှေ့ ကွက်လပ် ကျူးကျော်တဲများ စည်းကမ်းမဲ့နေထိုင်ပြုမူ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးအိမ်ရာစခန်းတိုက် (၁၂)ရှေ့မျက်နှာစာရှိ မြေကွက်လပ်တွင် ကျူးကျော်တဲ ဈေးဆိုင်များ ဆောက်လုပ်၍ ချက်ပြုတ်ကြော်လှော်ခြင်း၊ ကက်ဆက်များ ဖွင့်ခြင်း၊ လမ်းပိတ်ဆို့ခြင်း၊ မသန့်ရှင်းသောရေများ စည်းကမ်းမဲ့စွန့်ခြင်း၊ လူနေအိမ်သဖွယ် ညအိပ်နေထိုင်ခြင်းများကို လုပ်ဆောင်နေပါသည်။ ပတ်ဝန်းကျင် ပြည်သူများ အနှောင့်အယှက်ဖြစ်ရပြီး ကျန်းမာရေးပါ ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာက စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကန်တော်ကလေးသား**

အန္တရာယ်များတဲ့ ကမာရွတ်လှည်းတန်းဈေး

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ကမာရွတ် လှည်းတန်းဈေးအတွင်း စက်ဘီး၊ ဆိုက်ကားများ စည်းကမ်းမဲ့စွာ စီးနင်းလျက်ရှိသဖြင့် လမ်းသွားလမ်းလာများကို အနှောင့်အယှက်ဖြစ်လျက်ရှိရာအဆိုပါယာဉ်များ ဈေးအတွင်း စီးနင်းခြင်းကို သက်ဆိုင်ရာမှ တားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။ **အန္တရာယ်ကင်းစေလိုသူ**

လျှပ်စစ်မီတာများ တပ်ဆင်ပေးပါ

စာတည်းခင်ဗျား-

ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဉယျာဉ်မြို့တော်တွင် ၁၉၉၈ခုနှစ် ဒီဇင်ဘာလကတည်းက မီတာဖိုးငွေသွင်းထားသော်လည်း လျှပ်စစ်မီတာ မတပ်ဆင်ရသေးသော အခန်း၁၀၀ ကျော်ရှိရာ လျှပ်စစ်မီတာများ တပ်ဆင်ပေးပါရန် တင်ပြအပ်ပါသည်။ **ယုဇနသား**

လက်ဖက်ရည်ဆိုင်ကညှော်နံ့များ ကြပ်မတ်ပေးစေလို

စာတည်းရှင်-

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၉) ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်းမကြီး စရီမာရီယမ္မာန် ဘုရားကျောင်းဘေးရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်သည် အကြော်မျိုးစုံကို နံနက် ၄နာရီမှ ည၁၁နာရီအထိ ကြော်လှော်နေသည့်အတွက် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ညှော်နံ့မခံနိုင်သူ**

သစ်ခွဲစက်သံကြောင့် အိပ်မရမှုဆောင်ရွက်ပြီးစီး

(၂၈-၈-၂၀၀၆)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ရွှေပြည်သာမြို့နယ် ၈ရပ်ကွက် ကနောင်ပန်းခြံ ဘုရင့်နောင်လမ်းမ(နဝရတ်လမ်းနှင့်မင်းရဲကျော်စွာ လမ်းကြား)ရှိ **သစ်ခွဲစက်သံကြောင့် ကောင်းစွာအိပ်မရ**ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးကြောင်း ဖော်ပြအပ်ပါသည်။ **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကမ္ဘာတစ်လွှား အားကစား

ဂျာမနီဘွန်ဒက်စ်လီဂါပွဲများဆက်ယှဉ်ပြိုင် ဝါဒါဘရီမင်က ဘိုင်ယန်မြူးနစ်ကိုနိုင်

မြူးနစ် အောက်တိုဘာ ၂၂

ဂျာမနီ ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)ပြိုင်ပွဲများကို အောက်တိုဘာ ၂၁ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဝါဒါဘရီမင်အသင်းက အိမ်ကွင်း၌ ချန်ပီယံဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

ဝါဒါဘရီမင်အသင်းသည် ပြိုင်ဘက် ဘိုင်ယန်မြူးနစ် အသင်းကိုနိုင်ပြီး တန်းစီဇယားထိပ်ဆုံးနေရာတွင် ဆက်လက်စိုးမိုးထားလိုက်သည်။

ရေးသားတင်ပြသူ - မြင့်မောင်စိုး

ဝါဒါဘရီမင်အသင်းမှ ပီယာရီဝန်း(ယာ)နှင့် ဘိုင်ယန်မြူးနစ်မှ ပီဇာရိုတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

ချေပဂိုးသွင်း

ဝါဒါဘရီမင်အသင်းအတွက် ဖွေဆော်ဦးဂိုးကို ပွဲစပြီး ၁၁ မိနစ်အကြာ ဒီဂိုက သွင်းယူပေးနိုင်ခဲ့သည်။ ယင်းနောက် ဒုတိယအနိုင်ဂိုးကို ပီယာရီဝန်းက ပထမပိုင်းပွဲပြီးချိန် ၁၀မိနစ်အလိုတွင် တည်ကန်ဘောမှတစ်ဆင့် သွင်းယူနိုင်ခဲ့သည်။ သို့သော်လည်း ပွဲချိန် ၃၇မိနစ်တွင် ဘိုင်ယန်မြူးနစ်မှ ရှိုင်းမက်ကိုင်းက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

ဖိကစား

ဒုတိယပိုင်းတွင် ဝါဒါဘရီမင်တို့ အိမ်ကွင်း၌ ဘိုင်ယန်မြူးနစ် အသင်းကို ဂိုးအသာနှင့် ကွင်းပရိသတ်အားပေးမှုနှင့်အတူ ဘိုင်ယန်အား ဖိကစားနိုင်ခဲ့သည်။

သေချာသွားစေခဲ့

သို့သော်လည်း ပွဲချိန် ၆၃မိနစ်တွင် ဘိုင်ယန်မြူးနစ်မှ လူစီယို၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမှုကြောင့် ဝါဒါဘရီမင်တို့ ရမှတ် သုံးမှတ် သေချာသွားစေခဲ့သည်။

ဦးဆောင်လျက်

ဝါဒါဘရီမင်အသင်းသည် ရှစ်ပွဲကစားရာတွင် ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် စုစုပေါင်း ၁၆မှတ်ရရှိကာ ထိပ်ဆုံး၌ ဦးဆောင်လျက်ရှိသည်။

ရှော့လ်ကေး-ဟန်နိုဗာ

ရှော့လ်ကေးအသင်းနှင့် ဟန်နိုဗာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ရှော့လ်ကေးကအိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဒုတိယဂိုးသွင်း

ရှော့လ်ကေးအသင်းသည် ပွဲစသည်နှင့် ဟန်နိုဗာအသင်းကို ခြေစွမ်းပြကစားခဲ့ရာ ပွဲချိန် ၁၇မိနစ်တွင် ဘဂျန်ရန်မိုဗစ်က ဦးဆောင်ဂိုး သွင်းယူပေးခိုင်ခဲ့သည်။ ယင်းဂိုးသွင်းပြီး ၁၀ မိနစ်အကြာ ကိုဘီးယက်ဘီလီက ရှော့လ်ကေးအတွက် ဒုတိယဂိုးသွင်းခဲ့သည်။ သို့သော်လည်း ပွဲချိန်၅၂ မိနစ်တွင် ရိုစင်သာက ဟန်နိုဗာ အသင်းအတွက် ချေပဂိုးသွင်းပေးခဲ့သည်။

ရှော့လ်ကေးအသင်းသည် ယင်းပွဲအနိုင်ရလိုက်၍ ဂိုးကွာခြားချက်ဖြင့် ဟာသာဘာလင်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ကို ကျော်ဖြတ်ကာ ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာသို့ တက်လာခဲ့သည်။

အခြားပွဲရလဒ်များ

အေချန်	၁ - ၂	ကော့ဘတ်
ဝုဘတ်	၁ - ၁	စတုဂတ်
ဘီလီဖီးလ်	၁ - ၀	မိန့်ဇ်
ဟာသာဘာလင်	၂ - ၁	ဂလက်ဘက်

(အင်တာနက်)

ဟန်နိုဗာအသင်းမှ စတက်နာ (ဝဲ)နှင့် ရှော့လ်ကေးမှ ကိုဘီးယက်ဘီလီတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်ပထမတန်းပွဲများ ယှဉ်ပြိုင်ကစား

လိုင်လီအသင်းအိမ်ကွင်း၌လိုရီးယန့်ကိုနိုင်

ပါရီ အောက်တိုဘာ ၂၂

ပြင်သစ်ပထမတန်း ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀)ပြိုင်ပွဲများ အောက်တိုဘာ၂၁ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ လိုင်လီအသင်းက အိမ်ကွင်း၌ လိုရီးယန့်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

လိုင်လီအသင်း၏တစ်လုံးတည်းသော အနိုင်ဂိုးကို မက်သရူး ဘော့ဒ်မီယာက ပွဲချိန် ၃၆မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ လိုင်လီတို့ အိမ်ကွင်း၌ ပို၍ခြေစွမ်းပြကစားနိုင်ခဲ့သည်။

ပဉ္စမနေရာတွင်ရှိနေ

လိုင်လီအသင်းသည် ၁၀ပွဲကစားအပြီး ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးထားကာ တန်းစီဇယား ပဉ္စမနေရာတွင် ရှိနေသည်။

ခြေစွမ်းပြ

ထိုနေ့က နန်စီအသင်းသည် နန့်စ် အသင်းကို တစ်ဂိုး-ဂိုးမရှိ ဖြင့်အနိုင်ရခဲ့သည်။ နန်စီအသင်းသည် ယခုနှစ် ပြင်သစ် ပထမတန်းပြိုင်ပွဲတွင် ပို၍ခြေစွမ်းပြလာသည်ကို တွေ့ရသည်။

တူးလောက်နိုင်

တူးလောက်အသင်းသည် အဝေးကွင်း၌ မိုနာကိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

စတုတ္ထနေရာတွင်ရှိနေ

တူးလောက် အသင်းသည် ယခုနှစ် ပြင်သစ်ပထမတန်း ပြိုင်ပွဲတွင် ဆယ်ပွဲကစား ငါးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးပြီး စတုတ္ထနေရာတွင် ရှိနေသည်။

အခြားပွဲရလဒ်များ

ဆီဒန်	၂-၂	လန်းစ်
ဆိုးချော့စ်	၂-၁	ဘော်ဒိုး
စိန့်အီစတိန်း	၂-၀	လီမန်း။

(အင်တာနက်)



လိုင်လီအသင်းမှ ဂျင်းမာဘွန်း(ဝဲ)၏ လိုရီးယန့်ဘက်သို့ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား မက်ဒရစ်မာစတာဖလားချိန်ရွယ်

မက်ဒရစ် အောက်တိုဘာ ၂၂

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် မက်ဒရစ် မာစတာဖလား တင်းနစ်ပြိုင်ပွဲတွင် ဒေးဗစ် နယ်ဘန်ဒီယန်ကို ၆-၄၊ ၆-၀ ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။



အကြိုဗိုလ်လုပွဲတွင် နယ်ဘန်ဒီယန်ကို အနိုင်ရပြီး အောင်ပွဲခံနေသော ရော်ဂျာဖက်ဒဲယား။ (ဓာတ်ပုံ-အင်တာနက်)

အောင်ပွဲ

အာဂျင်တီးနားနိုင်ငံမှ နယ်ဘန်ဒီယန်နှင့် ဖက်ဒဲယားတို့သည် ရှစ်ကြိမ်မြောက်အဖြစ် တွေ့ဆုံခဲ့ရာ ယခုပွဲမှာ ဖက်ဒဲယား၏ ခုနစ်ပွဲမြောက်အောင်ပွဲဖြစ်သည်။

အနိုင်ရခဲ့

ဆွစ်ဇာလန်နိုင်ငံသား ဖက်ဒဲယားသည် ယင်းပွဲအနိုင်ရလိုက်သဖြင့် ၁၈ပွဲ ရှုံးပွဲမရှိ စံချိန်ကိုလည်း တင်ထားနိုင်ခဲ့သည်။ ဖာနန်ဒိုဂွန်ဇာလက်ဇ်သည် အကြိုဗိုလ်လုပွဲ၌ ချက်မှ သောမတ်ဘာဒင့်ချ်ကို အနိုင်ရခဲ့သည်။

ဆက်လက်ယှဉ်ပြိုင်မည်

ဖက်ဒဲယားနှင့် ဖာနန်ဒိုဂွန်ဇာလက်ဇ်တို့သည် ဗိုလ်လုပွဲတွင် မက်ဒရစ် မာစတာဖလားရရှိရေးအတွက် အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဖက်ဒဲယားအနေဖြင့် အဆိုပါပြိုင်ပွဲတွင် အနိုင်ရလိုက်သဖြင့် မက်ဒရစ် မာစတာဖလားယူရန် လက်တစ်ကမ်းသာလိုတော့သည်။ **(အင်တာနက်)**

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၃၂၀/၃၂၂ နေ
ဦးသိန်းဇော်-ဒေါ်တင်တင်ဦး (ဗိုလ်ချုပ်ဈေး) တို့၏သားကြီး

ဗိုလ်သန့်ဇော်လွင်

M.B.,B.S (D.S.M.A)

နှင့်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် ထင်အောင်ကျော်-ဒေါ်အေးညွန့်ရွှေ
(အထပြ၊ ငြိမ်း)တို့၏ တစ်ဦးတည်းသော သမီး

မအေးအေးခိုင်

B.A (English, Y.U.F.L)

(Sales Executive , Woodland Travels Co., Ltd.)

တို့၏ ၁၉-၁၀-၂၀၀၆ရက် Sedona Hotel ၌ကျင်းပသော မင်္ဂလာလက်မှတ်ရေးထိုးပွဲတွင် တရားသူကြီးအဖြစ် ဆောင်ရွက်ပေးခဲ့သော တရားရုံးချုပ် တရားသူကြီး ဦးခင်မြင့်နှင့် နှစ်ဖက်သော အသိသက်သေများအားလည်းကောင်း၊ ၂၂-၁၀-၂၀၀၆ရက် Sedona Hotel Ballroom ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်များ ဆင်မြန်းပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပန်းကြဲပေးသော မနှင်းပွင့်လွင်၊ ပန်းကုံးကိုင် မစုနန္ဒာရှိန်၊ လက်စွပ်ဗန်းကိုင် မေဇွန်ဦး တို့အားလည်းကောင်း၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးကြပါသော ဗိုလ်ရဲမြတ်ဦးနှင့် ဗိုလ်အေးမင်းသိန်း၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးသော မအေးမြင့်သွယ်နှင့် မသွယ်နန်းဇာတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော မဟေမာနေဝင်းနှင့် Emperor တီးဝိုင်းအဖွဲ့၊ မိတ်ကပ်ဆံပင်နှင့် မင်္ဂလာဝတ်စုံများ ဖန်တီးပေးပါသော ခင်စန်းဝင်း(မိတ်ကပ်)၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ အစစအရာရာ ကူညီပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်သန့်ဇော်လွင်-မအေးအေးခိုင်။

(၁၂)နှစ်ပြည့်အမှတ်တရ မင်္ဂလာဆုတောင်း

ကိုကျော်ဇင်(Opel International Co.,Ltd.)-**မသီဂီထွန်း** တို့ဇနီးမောင်နှံ၏ ၂၃-၁၀-၂၀၀၆ရက်တွင် ကျရောက်သော (၁၂)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ရာသက်ပန် ရွှေလက်တွဲ၍ ယခုထက်ပိုမိုသော ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းများနှင့်ပြည့်စုံသည့် မိသားစုဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဗိုလ်ကြီးဇော်မင်းအောင်(ငြိမ်း)-မမေဘယ်(လ်)။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ပဲခူးတိုင်း၊ မင်းလှမြို့နယ်၊ ကျီးလူးရွာနေ
ဦးသန်းအေး(မှူ/အုပ်၊ အမက-ရှမ်းတော)-ဒေါ်စန်းမြင့်တို့၏သားကြီး

ဗိုလ်ကြီးနေလင်းထွန်း B.A (D.S.A),M.A (Eng)

(လ/ထ ကထိက၊ ဘာသာဗေဒဌာန၊ တပ်မတော်နည်းပညာတက္ကသိုလ်)

နှင့်

ပဲခူးတိုင်း၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့၊ ဘုရားကြီးလမ်းနေ
ဦးအေးဟန်(KLC, Korea)-ဒေါ်သန်းသန်းမြင့်တို့၏သမီးကြီး

မသဲသဲထိုက် B.Sc (Q), M.Sc (Maths)

တို့၏ ၂၂-၁၀-၂၀၀၆ရက်(တနင်္ဂနွေနေ့)တွင် စစ်ကွင်းမြို့ ရွှေရတုခန်းမ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် သူငယ်ချင်းအပေါင်းအသင်းများအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးနေလင်းထွန်း-မသဲသဲထိုက်။

အမည်ပြောင်း

အဖ ဦးစစ်မြိုင်၏သမီး အထက(၁)မှော်ဘီ (Grade-6, A)မှ မယဥ်ဝင်းသန့်အား မမြသီဂီခင်ဟု ပြောင်းလဲခေါ်ပါရန်။ **မမြသီဂီခင်။**

နေပြည်တော် လမ်းညွှန်မြေပုံစာအုပ်

(The Map of Naypyitaw)

နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့်
Design Printing Services Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်ပြီး
နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်
(The Map of Naypyitaw)
ထုတ်ဝေတော့မည် ဖြစ်ပါသဖြင့်
လုပ်ငန်းရှင်များအနေဖြင့် ကြော်ငြာများထည့်သွင်းလိုသူများ
အမြန်ဆုံး အောက်ဖော်ပြပါနေရာများတွင်
စုံစမ်းဆက်သွယ်နိုင်ပါသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ
(၀၆၇) ၄၁၄၂၉၄၊ ၄၁၄၂၉၃၊ ၄၁၄၂၉၂
Design Printing Services Co., Ltd.
(၉၅-၁) ၂၀၄၀၂၀၊ ၅၇၀၁၂၇။



ထစ်ချုန်းမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်၌ ယနေ့ မွန်းလွဲနှင့်ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

AA Electronics Ltd.

၁။ **Technician (Aircon, Refrigerator Washing Machine)** ၅ ဦး (ကျား)
လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

၂။ **Technician (TV, VCD, DVD)** ၅ ဦး (ကျား/မ)
B.E (EC)(or) B.Sc (Phy) (or) AGTI (EC)
အောင်မြင်ပြီးသူဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

၃။ **Sales Promotor** ၅ ဦး (ကျား/မ)
အခြေခံပညာအထက်တန်းအဆင့်အောင်မြင်ပြီးသူဖြစ်ရမည်။
ရုပ်ရည်သန့်ပြန့်သူဖြစ်ရမည်။
အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။

လျှောက်လွှာတွင် ကိုယ်ရေးရာဇဝင်(CV)၊ ဖုန်းနံပါတ်၊ အကျင့်စာရိတ္တထောက်ခံစာ(ရဲစခန်း)၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်း ထောက်ခံစာ၊ အိမ်ထောင်စုဇယားမိတ္တူနှင့်အတူ အမှတ် ၄၀၈/၄၁၀၊ မဟာဗန္ဓုလလမ်းနှင့် ၃၅လမ်းထောင့် **Samsung Plaza**(ပ)ထပ်သို့ ကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

ကျေးဇူးဆပ်ပါမည် ကျွန်တော်၏ မြန်မာနိုင်ငံကူးလက်မှတ် အမှတ် ၄၁၆၈ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပါရန်။
ဦးထင်ကျော်လတ် ၇/ဒဂန(နိုင်)၀၂၄၆၁၈၊ ဖုန်း-၀၅၂-၄၀၂၀၅။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဗမ/၂၆၁၄ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူ အမည် ဦးကျော်ဆန်းအေး မှတ်ပုံတင်အမှတ် ၁/ဗမန(နိုင်)၀၅၈၇၄၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနမခရိုင်ရုံး(ဗန်းမော်မြို့)။**

အမွေပြတ်စွန့်လွှတ်ခြင်း

မောင်စန်းယု ၁၂/တမန(နိုင်)၀၈၁၇၄၇ သည် မိသားစု၏ဆန္ဒကိုဆန့်ကျင်ပြီး အိမ်ပေါ်မှဆင်းသွားပါသဖြင့် ၎င်းအား အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ **မိခင်-ဒေါ်လှသန်း၊ အစ်မ-တင်တင်ကြူ၊ -စန်းစန်းညွန့်။**

အမြန်ပြန်လာပါ

ကျွန်တော် ဦးမြင့်နိုင်(ခ)ဦးမောင်မြင့် ၁၂/ရကန(နိုင်)၀၃၆၆၃၅၏ဇနီးဖြစ်သူ မသင်းသင်းအေး ၁၂/ရကန(နိုင်)၀၃၆၉၄၁သည် ကျွန်တော်မရှိခိုက် နေအိမ်မှ ရွှေ၊ ငွေနှင့် စိန်များယူဆောင်ပြီးဆင်းသွားပါသဖြင့် အမြန်ပြန်လာပါရန်နှင့် ဖြားယောင်းသွေးဆောင်ထားသူများကို ဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။ သတင်းပေးသူများအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဦးမြင့်နိုင်(ခ)ဦးမောင်မြင့်
ရွှေကြက်ဖစားသောက်ဆိုင်
၀၉-၅၁-၂၅၁၇၃၊ ၅၇၇၄၇၉။

မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရား ရွှေသင်္ကန်းကပ်လှူပွဲ ကျင်းပမည်

မော်လမြိုင် အောက်တိုဘာ ၁၈

မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဦးဆောင်မှုဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးအား **(ဝဲပုံ)**ရွှေသင်္ကန်းကပ်လှူပွဲနှင့် လျှပ်စစ်မီးပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပရေးအတွက် ဒုတိယအကြိမ် အစည်းအဝေးကို အောက်တိုဘာ ၁၄ရက်က အဖွဲ့ရုံးတွင် ကျင်းပသည်။

ရွှေသင်္ကန်းကပ်လှူခြင်းနှင့် လျှပ်စစ်မီးပူဇော်ပွဲကို နိုဝင်ဘာ၃ရက်မှ ၅ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ ရွှေသင်္ကန်းကပ်လှူခြင်းနှင့် လျှပ်စစ်မီးပူဇော်ပွဲအတွက် အလှူရှင်များလှူဒါန်းလိုပါက မဟာမြတ်မုနိဘုရားကြီး ဖုန်း-၀၅၇-၂၁၄၄၄၊ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိုးဝင်း ဖုန်း-၀၅၇-၂၄၄၇၃နှင့် အတွင်းရေးမှူး ဦးတင်အောင် ၀၅၇-၂၄၄၄၆တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(၁၆၈)**

ကလေးမြို့နယ်အဆင့် လုပ်ငန်းညှိနှိုင်းစည်းဝေး ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များရှင်းလင်း

ကလေး အောက်တိုဘာ ၅

ကလေးမြို့နယ်၏ မြို့နယ်အဆင့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ၂၉ရက် မွန်းတည့်၁၂ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နေရဋ္ဌရာခန်းမ၌ ကျင်းပသည်။

မှာကြားချက်

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်က စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များကိုလည်းကောင်း**(အပေါ်ပုံ)**၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူး သန့်ဇင်ထွန်းက ဆောင်ရွက်ရမည့်ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။ **(၄၁၇)**

ရှင်းလင်းတင်ပြ

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးခင်လတ်နှင့် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်ကျော်ငြိမ်တို့ စက်တင်ဘာ ၁၀ရက်က သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်ယန္တရားများ ကြံ့ခိုင်မှု ရှိမရှိကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ကြည့်ရှုစစ်ဆေး

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် စက်တင်ဘာ ၁၅ ရက်က လားရှိုးမြို့ ရေကန်တောင် ရှင်းလင်းဆောင်၌ ရေပေးဝေရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဟန်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ဖလမ်း၌ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက် ရုပ်မြင်သံကြားစက်နှင့် ရေဒီယိုကက်ဆက်များလှူဒါန်း

ဖလမ်း အောက်တိုဘာ ၁၈

ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် အောက်တိုဘာ ၁၅ရက် နံနက်၁၁နာရီက ဖလမ်းမြို့နယ် ဇာထိရ်ကျေးရွာ တန်ကျုံးနံ စာကြည့်တိုက်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်နှင့်ဝန်ထမ်းများက ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး စာကြည့်တိုက် အင်္ဂါရပ်နှင့် ပြည့်စုံရေး ဆွေးနွေးကြသည်။

ဆက်လက်၍ အဆိုပါကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရောင်စုံရုပ်မြင်သံကြားပြစက်ကို ဦးဗျက်လျန်ဟရဲကလည်းကောင်း၊ ရေဒီယိုကက်ဆက်ကို ဦးထောင်းနယ်မန်းက လည်းကောင်း၊ ရေဒီယိုကို ဦးငွန်လျန်ထန်းက လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်က လက်ခံရယူသည်။

လက်ခံယူ

ထို့နောက် ခရိုင်စာရင်းစစ် အရာရှိ ဦးလလ်သင်မန်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော သုတ၊ ရသ၊ မဂ္ဂဇင်းနှင့် စာအုပ်မျိုးစုံ အုပ် ၁၀၀ ကို ကျေးရွာဥက္ကဋ္ဌ ဦးဟရမ်းနယ်ဆွမ်းက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့်အဖွဲ့ စက်တင်ဘာ၂၀ရက်က အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးနိုင်လင်းဦးနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိသော သနပ်ပင်မြို့ ဇမ္ဗူရာဇ်လမ်း ရေနုတ်မြောင်းဆယ်ယူဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမြင့်ဝေက ရှင်းလင်းတင်ပြစဉ်။ (၃၄၇)

ဘားအံတောင်ကလေးရွာ၌ စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်များရှင်းလင်း၊ စာအုပ်များလှူဒါန်း

ဘားအံ အောက်တိုဘာ ၁၂

ကရင်ပြည်နယ်ဘားအံမြို့နယ် ကော့ထော်ကျေးရွာအုပ်စု တောင်ကလေးရွာတွင်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက်နံနက် ၇နာရီက တောင်ကလေးပရိယတ္တိစာသင်တိုက်ကျောင်းဝင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးကြည်က စာကြည့်တိုက် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့်စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးကိုလည်းကောင်း ပြောကြားပြီး တောင်ကလေးကျေးရွာ စာကြည့်တိုက်ကို လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နန်းအေးကြည်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက်နာယက ဆရာတော်ဘဒ္ဒန္တပညာသာမိ(တောမှီရပာန်း)နှင့် တောင်ကလေးရွာနေ ဦးစောမုချား၊ ဒေါ်နော်ပိုပို မိသားစုတို့က ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ဆရာတော်၏ မိုငြမ်းစာအုပ်များ အပါအဝင် စာအုပ်ပေါင်း ၁၃၁၆၂ အုပ်ကိုစုဆောင်းလှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

မှတ်တိုင်ကျေးရွာအုပ်စုဒိုင်း ဖိတ်ခေါ်ဘောလုံးပြိုင်

ပေါင်းတည် အောက်တိုဘာ ၁၈

ပေါင်းတည်မြို့နယ် မှတ်တိုင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒိုင်း အုပ်စုပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၄ရက် ညနေ ၃နာရီက မှတ်တိုင်ကျေးရွာ ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (ယာယီ) ဥက္ကဋ္ဌ ဒုတိယရဲမှူးမြင့်အေး**(အောက်ပုံ)**၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ကြီးတင်ဝင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ခင်၊ မှတ်တိုင်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဖိုးထွန်းတို့က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါပြိုင်ပွဲကို ပေါင်းတည် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၁၂)အုပ်စုမှ အသင်း၁၂သင်းတို့ ပါဝင်ယှဉ်ပြိုင် ကစားကြသည်။ **(၀၆၄)**

စက်ရေတွင်းများ ရေရှည်ကောင်းမွန်ရန် ကြံ့ခိုင်မှုစစ်ဆေး

ရေနံချောင်း အောက်တိုဘာ ၅

ရေနံချောင်းမြို့နယ် ရုံးကုန်းကျေးရွာအုပ်စု ဖန်းခါးစမ်းကျေးရွာ (ဆိတ်ခြံကုန်း)နှင့် အလယ်ကန်ကျေးရွာအုပ်စု အလယ်ကန်ကျေးရွာများရှိ စက်ရေတွင်းများ ရေရှည်ကောင်းမွန်စေရန်နှင့် ရေပန့်များ ကြံ့ခိုင်မှုရှိစေရေးကို စက်တင်ဘာ ၂၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

မိခင်ကြီး ဒေါ်တင်တင်အားအမှူးထား၍ ဦးစိုးမြင့်-ဒေါ် လှ လှ ဌေး မိသားစုက ကြံခင်းမြို့ လယ်ယာပရိယတ္တိ စာသင်တိုက် အတွင်းရှိ အရှည်ပေ ၄၅၀ ရှိသော လမ်းကို ငွေကျပ် ၁၈ သိန်း ကုန်ကျခံ၍နိုင်လွန်ကတ္တရာခင်းလှူဒါန်းရာ အောက်တိုဘာ ၆ရက်က ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌဦးစန်းလွင်နှင့် အကြံပေးပုဂ္ဂိုလ်ဒေါက်တာသိန်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မရမ်းကုန်းမြို့နယ် သမိုင်း(၁) ရပ်ကွက် (၂)လမ်း ရတနာမဥ္ဇူမဓမ္မ ရိပ်သာတွင် တည်ဆောက်မည့် စိတ္တဝိဝေက ခြောက်ထပ်ကျောင်း တော်ကြီးအတွက် အမှတ်(၃၉)ပန်းဝါလမ်း သုဝဏ္ဏနေ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း(ငြိမ်း)-ဒေါ်ကြည်ကြည် ဝင်းမိသားစုတို့က ဒုတိယအကြိမ် ငွေကျပ်ငါးသိန်းကို ရတနာမဥ္ဇူမဓမ္မ ရိပ်သာ ဦးစီးပဓာန နာယက ဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ)ရှေ့မှောက်၌လှူဒါန်းစဉ်။ (က-ပ)

ပေါင်းတည်မြို့ သကျမုနိ မိုးဃ်းကောင်းဘုရား ဆီမီးတစ်သောင်း ကပ်လှူပူဇော်ပွဲကျင်းပ

ပေါင်းတည် အောက်တိုဘာ ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံကျောင်း ပဓာန နာယက မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တ ပါရဂူ ဆရာတော်၏ ဩဝါဒကိုခံယူ၍ သုကုသလပုညသမ္မာရအသင်းမှဦးဆောင်ပြီး (သီတင်းကျွတ်လပြည့်နေ့) အောက်တိုဘာ ၆ရက်က အဌမအကြိမ်မြောက် ဆီမီးတစ်သောင်း ကပ်လှူ ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

သကျမုနိ မိုးဃ်းကောင်းဘုရား ပရဝဏ်အတွင်းရှိ မင်းလက်ျာသီရိစေတီတော်၊ မင်းလက်ဝဲသီရိစေတီတော်၊ ရွှေဂူစေတီ၊ နဂါးရုံဘုရား စသည့်ရင်ပြင်တော်များတွင် အဌမအကြိမ်မြောက် ဆီမီးတစ်သောင်း ပူဇော်ပြီး ပန်း၊ ရေချမ်း၊ အမွှေးနံ့သာများ ပူဇော်ခြင်း၊ ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိပူဇော်ခြင်း၊ အသင်းသားများက စတုဒိသာ လှူဒါန်းခြင်းတို့ကို သုကုသလပုညသမ္မာရအသင်းက ဦးဆောင်ပြီး ကျင်းပခဲ့သည်။ (၃၃၁)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေ မြတ်မဟာရှိဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း)နောက် ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်အတွက် နှစ်ဖက်အဘိုးအဘွား များ ဦးထိပ်ထား၍ ရန်ကုန်မြို့ လှိုင်မြို့နယ် ရွှေဟသာ်ာလမ်းနေ ဦးဝင်းလွင်-ဒေါ်ဖြူဖြူဝင်းတို့က သားကြီး အောင်ထွန်းကျော် (၂၁)နှစ်ပြည့် မွေးနေ့အဖြစ် အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သက်ကြီးရွယ်အိုများနေ့ တီးတိန်၌ကျင်းပ အဘိုးအဘွားများ ကျန်းမာရေးစစ်ဆေးပေး

တီးတိန် အောက်တိုဘာ ၈

ချင်းပြည်နယ် တီးတိန်မြို့တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကိုအောက်တိုဘာ ၁ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာက သက်ကြီး ရွယ်အိုများ ကန်တော့ရခြင်းအကြောင်းနှင့် အလှူငွေရရှိမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်သူများက အသက်(၇၅) နှစ်ပြည့် အဘိုးအဘွား ၁၃၃ ဦးအား လှူဖွယ် ပစ္စည်းများ၊ ငွေသားများနှင့် ဆေးဝါးများဖြင့် ကန်တော့ကြသည်။

အခမ်းအနားအပြီးတွင် မြို့နယ်ဆေးရုံအုပ် ဒေါက်တာဝင်းဇော်နှင့် ကျန်းမာရေး ဝန်ထမ်းများက အဘိုးအဘွားများအား ကျန်းမာရေးစစ်ဆေးပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပခုက္ကူမြို့ပေါ် ရပ်ကွက်များသို့ ဖြန့်ဖြူးပေးလျက်ရှိသော စက်ရေတွင်းများ ရေရှည်ကောင်းမွန်ပြီး သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေးအတွက် စက်တင်ဘာ ၉ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင် စက်ယန္တရားကြီးများဖြင့် တွင်းပြုပြင်ခြင်းနှင့် တွင်းဆေးခြင်းတို့ကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးသန့်ဇော်သောင်းနှင့်အဖွဲ့ ဆောင်ရွက်ရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

မြို့နယ် သတင်းများ

ညောင်ရွှေမြို့ဝင်ဆိုင်းဘုတ်၌ ပန်းအလှပင်များစိုက်ပျိုး

ညောင်ရွှေ အောက်တိုဘာ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် တာဝန်ခံ အင်ဂျင်နီယာဦးခင်မောင်တိုးတို့ ဦးဆောင်ကြီးကြပ်မှုဖြင့် ညောင်ရွှေမြို့အဝင်ဆိုင်း ဘုတ်ပတ်ဝန်းကျင်၌ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို စက်တင်ဘာ ၂၄ ရက်က စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများနှင့် အတူ စုပေါင်းဆောင်ရွက်ကြသည်။ (၀၂၇)

နွေစပါးနှင့် စီးပွားဖြစ်သီးနှံများ စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲ ကျောင်းကုန်းမြို့၌ ကျင်းပ

ကျောင်းကုန်း အောက်တိုဘာ ၁၈

၂၀၀၆-၂၀၀၇ခုနှစ် နွေစပါး၊ ဆောင်းသီးနှံနှင့် စီးပွားဖြစ်သီးနှံများ စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲကို အောက်တိုဘာ၁၅ရက်နံနက် ၁၀နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး တစ်မြို့နယ်လုံး ၂၀၀၆-၂၀၀၇ခုနှစ် နွေစပါး၊ ဆောင်းသီးနှံနှင့် စီးပွားဖြစ်သီးနှံများ လျာထားသတ်မှတ်ချက်ဖြစ်သည့် နွေစပါးဧက၅၀၆၃၀၊ ဆောင်းသီးနှံဧက ၇၃၅၈၀၊ ပဲမျိုးစုံ ၆၆၅၅၅ဧက၊ ခြစ်ညှိုးရိုးကြက်ဆူပင်၄၄၃၃ဧက၊ ငရုတ်ကောင်း ဧက၁၀၀၊ အစေ့ထုတ်ပြောင်း ဧက၇၀၀၊ ဖုးစားပြောင်းဧက၁၀၀၀နှင့် ငရုတ်၂၂၅ဧကတို့အား လျာထားသတ်မှတ်ချက်အတိုင်း အပြည့်အဝစိုက်ပျိုးရန် ရပ်ကွက်၊ ကျေးရွာ ၆၈အုပ်စုရှိ ကျေးရွာဥက္ကဋ္ဌများအား မြို့နယ်ဥက္ကဋ္ဌဦးဉာဏ်လှိုင်ကတစ်ဦးချင်း တာဝန်များပေးအပ်သည်။**(အောက်ပုံ)** (၂၆၅)

လောင်းလုံးမြို့နယ် စည်ပင်သာယာရေး အဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ မောင်းမကန်ဈေးလမ်း ကတ္တရာခင်းရန်အောက်တိုဘာ ၁ရက်က အမှုဆောင်အရာရှိဦးတင်အုံးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးပြည်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ရေဦးမြို့၌ကျန်းမာရေးပညာပေးဟောပြော အမှိုက်ကင်းစင်ဆိုင်းဘုတ်စုပေါင်းစိုက်ထူ

ရေဦး အောက်တိုဘာ ၁၀

ရေဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကျန်းမာရေးပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂ရက်မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်စန်းစန်းထွေးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာညွန့်သန်းက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်းအကြောင်းကို လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွဲဖက်အတွင်းရေးမှူး ဒေါက်တာခင်သန်းမြင့်က အေအိုင်ဒီအက်စ်ရောဂါအကြောင်းကို လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါက်တာသီသီခိုင်က ငှက်ဖျားရောဂါအကြောင်းကို လည်းကောင်း ဟောပြောကြသည်။

ဆက်လက်၍မြို့ပေါ်ငါးရပ်ကွက်မှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်း၍ ရေဦးမြို့ အထက(၁)ကျောင်းဝင်းတွင် အမှိုက်ကင်းစင်၊ ခြင်ကျားကင်းစင်၊ ဆေးလိပ်ကင်းစင်နယ်မြေများ သတ်မှတ်သည့်ဆိုင်းဘုတ် စိုက်ထူကြသည်။ **(မြို့နယ်အမျိုးသမီးရေးရာ)**

ချောင်းဆုံကြံ့ခိုင်ရေးအသင်း နာယကဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ချောင်းဆုံ အောက်တိုဘာ ၁၆

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ရက်က မြို့နယ်အားကစားဝင်းအတွင်း၌ ကျင်းပသည်။

အနိုင်ရဗိုလ်စွဲ

ထို့နောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကိုကျင်းပရာ ရွာလွတ်ကျေးရွာအသင်းနှင့် ချောင်းဆုံအရှေ့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရွာလွတ်ကျေးရွာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

(မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများ စက်တင်ဘာ ၅ရက်က ဌာနပိုင်ခြံစည်းရိုး ကြက်ဆူစိုက်ခင်းတွင် ပေါင်းမြက် ရှင်းလင်းခြင်း၊ ကြက်ဆူပင်များ မြေတောင်မြှောက်ခြင်းတို့ကို ဆောင်ရွက်ကြရာ တာဝန်ခံ ဦးဟန်မြင့်နှင့် အင်ဂျင်နီယာဦးအောင်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၂၇၃)

ကြို့ပင်ကောက်မြို့ ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူ

ကြို့ပင်ကောက် အောက်တိုဘာ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်၏ (၆၂)ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ၇ရက်မွန်းလွဲ၂နာရီခွဲက ကျင်းပရာ မြို့နယ်အတွင်းရှိ ကျောင်းတိုက် အသီးသီးမှ ဆရာတော် သံဃာတော်နှင့် သာသနာ့နွယ်ဝင် သီလရှင် ၁၁၄၉ပါးတို့အားကြို့ပင်ကောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ် သာသနာရေး ဦးစီးဌာနနှင့် ဘာသာရေးအသင်းအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်(၁၀)ရပ်ကွက်၊ ကျေးရွာအုပ်စု(၄၉)အုပ်စု၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်များ စုပေါင်း၍ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်း ကာလတန်ဖိုး စုစုပေါင်း ငွေကျပ် ၄၈၉၃၄၂၀ ကို လောင်းလှူကြသည်။ **(အပေါ်ဝဲပုံ)** (ဝ၄ဝ)

မြို့သန့်ရှင်းလှပရေး မြေယာရှုခင်းပြုပြင် ပန်းမျိုးများစိုက်ပျိုး

မြစ်ကြီးနား အောက်တိုဘာ ၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ သန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်သော မြို့ဖြစ်စေရန် စက်တင်ဘာ၁၈ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင် ကြီးကြပ်လျက် ဥယျာဉ်မှူးများအဖွဲ့ခွဲက လမ်းလယ်ကျွန်းပန်းပေါင်း၁မှ ၁၈အထိ မြေယာရှုခင်းပြုပြင်ပြီး ဘဲစားမြက်များစိုက်ကာ လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲယာမြေများတွင် ပန်းမျိုးများကို အဖွဲ့ပိုင်ပျိုးဥယျာဉ်မှ ပြောင်းရွှေ့စိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုး ကြီးကြပ်ပေးသည်။ **(မြို့နယ်စည်ပင်)**

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော ဆားများ အိုင်အိုဒင်းပါဝင်မှု ပြည့်မီခြင်း ရှိမရှိကို စက်တင်ဘာ၃၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်းစစ်ဆေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပခုက္ကူတက္ကသိုလ်

၁။ ၂၀၀၄-၂၀၀၅ပညာသင်နှစ်နှင့် ၂၀၀၅-၂၀၀၆ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)စာမေးပွဲများကို အောင်မြင်ပြီး ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ပခုက္ကူတက္ကသိုလ်၊ ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၁-၁၁-၂၀၀၆ ရက်နေ့နှင့် ၁၂-၁၁-၂၀၀၆ ရက်နေ့တွင် ပခုက္ကူတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်သဖြင့် ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်သည်။

(၁) **ပထမပိုင်းအစီအစဉ်၊ ၁၁-၁၁-၂၀၀၆ (စနေနေ့) နံနက်ပိုင်း၊ နံနက် (၉:၀၀)နာရီ**
- ဝိဇ္ဇာဘွဲ့(မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ အထူးပြုများ)
- သိပ္ပံဘွဲ့(ဓာတုဗေဒ နှင့် ရူပဗေဒ အထူးပြုများ)

(၂) **ဒုတိယပိုင်းအစီအစဉ်၊ ၁၁-၁၁-၂၀၀၆ (စနေနေ့) မွန်းလွဲပိုင်း၊ မွန်းလွဲ (၁:၀၀)နာရီ**
- သိပ္ပံဘွဲ့(သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ အထူးပြုများ)

(၃) **တတိယပိုင်းအစီအစဉ်၊ ၁၂-၁၁-၂၀၀၆ (တနင်္ဂနွေနေ့) နံနက်ပိုင်း၊ နံနက် (၉:၀၀)နာရီ**
- ဝိဇ္ဇာ(ဂုဏ်ထူး) ဘွဲ့ (၂၀၀၀-တက္ကသိုလ်ဝင်တန်းအောင်)
- သိပ္ပံ(ဂုဏ်ထူး) ဘွဲ့ (၂၀၀၀-တက္ကသိုလ်ဝင်တန်းအောင်)
- ဝိဇ္ဇာ(ဂုဏ်ထူး) ဘွဲ့ (၂၀၀၁-တက္ကသိုလ်ဝင်တန်းအောင်)
- သိပ္ပံ(ဂုဏ်ထူး) ဘွဲ့ (၂၀၀၁-တက္ကသိုလ်ဝင်တန်းအောင်)
- မဟာဝိဇ္ဇာဘွဲ့နှင့် မဟာသိပ္ပံဘွဲ့

(၁) **အစမ်းလေ့ကျင့်ခြင်း- ၉-၁၁-၂၀၀၆ (ကြာသပတေးနေ့)**
အချိန် - နံနက်(၈:၀၀)နာရီမှ (၁၁:၃၀)နာရီအထိ ၁၁-၁၁-၂၀၀၆ရက်နေ့ နံနက်ပိုင်းဘွဲ့ယူမည့်သူများ
- မွန်းလွဲ(၂:၀၀)နာရီမှ (၄:၃၀)နာရီအထိ ၁၁-၁၁-၂၀၀၆ရက်နေ့ မွန်းလွဲပိုင်းဘွဲ့ယူမည့်သူများ

(၂) **အစမ်းလေ့ကျင့်ခြင်း- ၁၀-၁၁-၂၀၀၆ (သောကြာနေ့)**
အချိန် - နံနက်(၈:၀၀)နာရီမှ (၁၁:၃၀)နာရီအထိ ၁၂-၁၁-၂၀၀၆ရက်နေ့ နံနက်ပိုင်း ဘွဲ့ယူမည့်သူများ

၂။ ဘွဲ့နှင်းသဘင် တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာနှင့် ဘွဲ့နှင်းသဘင် တက်ရောက်ခွင့်လက်မှတ်၊ ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ ပခုက္ကူတက္ကသိုလ်၊ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲတွင် အစမ်းလေ့ကျင့်ရက်မတိုင်မီ ကိုယ်တိုင် ထုတ်ယူရမည်ဖြစ်သည်။

၃။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူမည့် ပုဂ္ဂိုလ်များသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဝဏ္ဏ
မော်ကွန်းထိန်း
ပခုက္ကူတက္ကသိုလ်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၈၆၊ ယ/၉၀၂၃၀ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်ကြူကြူ မှတ်ပုံတင်အမှတ် ၉/အမရ(နိုင်)၀၀၅၄၂၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊မြောက်ပိုင်း)၊ မန္တလေးမြို့။

အမွေပြတ်စွန့်လွှတ်ခြင်း

မစောမြင့်မြင့်မိုး ၅/ကလထ(နိုင်)၁၂၆၈၈၅သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိသားစုအား စိတ်ဆင်းရဲအောင် ခွင့်မလွှတ်နိုင်သည့် ကိစ္စများ ပြုမူဆောင်ရွက်နေပါ၍ ၂၀-၉-၂၀၀၆ရက်မှစ၍ အမွေစားအမွေခံ သမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ကြောင်း၊ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဖခင်- ဦးသာကြူး ၅/ကလထ(နိုင်) ၁၃၄၆၁၄၊
မိခင်- ဒေါ်တင်ပု ၅/ကလထ(နိုင်) ၁၃၄၆၁၅။

အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၃)ရပ်ကွက် ၁၁လမ်း တိုက်အမှတ်(၄) အခန်းအမှတ်(၃)နေ ဒေါ်အေးအေးယု နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ဗဟန(နိုင်)၀၀၆၁၆၄ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

၁။ တိုက်အမှတ်(၈) အခန်းအမှတ်(၅) ၁၁လမ်း (၃)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ရှိ တိုက်ခန်းမှာ ကွယ်လွန်သူ ဒေါ်စောနီ၏ တရားဝင်ကိတ္တိမ သမီးဖြစ်သူ ဒေါ်အေးအေးယုက ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်သော အခန်းဖြစ်ပါသည်။

၂။ အဆိုပါ တိုက်ခန်းအား ဒေါ်စောနီ မကွယ်လွန်မီက မည်သူ့ကိုမျှ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ တစ်နည်းနည်း လွှဲပြောင်းထားခြင်းများ လုံးဝမရှိခဲ့ပါ။

သို့ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးအေးယုနှင့် ပတ်သက်၍ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေမည့် တရားဥပဒေနှင့်မညီသော မည်သည့်ပြောဆိုပြုမူ ဆောင်ရွက်ခြင်းမျိုးကိုမဆို မပြုလုပ်ကြရန် လေးစားစွာ သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ အထက်ပါ သတိပေးကြေညာချက်အား ဖောက်ဖျက်ခြင်း တစ်စုံတစ်ရာပြုလုပ်ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဌေးသိန်း	**ဦးမြဇော်(ညောင်တုန်း)**	**ဦးထွန်းအောင်ကျော်(မိဇ-စစ်တွေ)**
LL. B.	LL. B.,D.B.L.,D.I.L	B.Sc.,H.G.P,D.B.L.,D.I.L
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၂၁၆၅၇)	(စဉ်-၂၂၉၉၄)	(စဉ်-၂၃၂၂၂)

အမှတ် ၃၇(ဘီ) ပထမထပ်(ယာ)၊ လမ်း ၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၅၀၈၃၊ ၁ယ/၁၉၁၃၉ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ အမည် ဦးဆန်းထွန်း မှတ်ပုံတင်အမှတ် ၉/မသန(နိုင်)၁၁၉၁၃၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း၊)၊ မန္တလေးမြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏နိုင်ငံကူးလက်မှတ် အမှတ်(၃၃၈၉၇၇)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဝင်းဇော်ဦး**
ဖုန်း-၅၉၃၁၃၆။

အများသိစေရန်ကြေညာချက်

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၀၀၀၀၊ ယ/၉၁၀၉၇ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ အမည် ဦးအောင်မျိုးသိမ်း မှတ်ပုံတင်အမှတ် ၉/ခမစ(နိုင်)၀၀၁၆၃၄က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)မန္တလေးမြို့။**

အများသိစေရန်သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးချစ်သန်း(ခ)မျိုးဆွေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၄/ဒဒရ (နိုင်)၀၀၃၂၉၉ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ဥသျှစ်ပင်ကျေးရွာ (၂)ရက်ကွက် သခွက်တန်းလမ်း အိမ်အမှတ်(၄၀) မြေအကျယ် (အလျား၁၃၀ပေXအနံ၂၈ပေ) မြေအပါအဝင် တိုက်အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေမှ တရားဝင်ဝယ်ယူ ဆောက်လုပ် ပိုင်ဆိုင်ထားပြီး ၎င်း၏ခွင့်ပြုချက် မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းအပြင် အခြားနည်းတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြရန် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအောင်မိုး (ကော့မှူး) ဦးလှမိုး (ကော့မှူး)
အထက်တန်းရှေ့နေများ
အမှတ်(၅၀) ပထမထပ် အခန်း(အေ-၁၆)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ကျွန်းတော(တောင်)ရပ်ကွက်၊ မအူပင်လမ်း အမှတ်(၂၁/၂၃)မြေကွက်ပေါ်တွင် "ချမ်းသာဆောက်လုပ်ရေး"မှ ဆောက်လုပ်ထားသော (၈)ထပ်တိုက်၏ -အခန်းအမှတ်(**A-3**)၊ (၂၅' **X** ၅၀') တိုက်ခန်း၏ အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျင်တီ ၁၂/လမတ(နိုင်)၀၁၇၈၃၃ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ပေးကတိစာချုပ် ချုပ်ဆိုပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍၇ရက်အတွင်းကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းကြွယ်(ဝါးခယ်မ)၊အထက်တန်းရှေ့နေ
၂၉၊ ကြံခင်းလမ်း၊ စမ်းချောင်းမြို့နယ်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Chief of General Staff General Liang Guanglie ဦးဆောင်သောအဖွဲ့အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ရောက်ရှိလာကြသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Chief of ˚General Staff General Liang Guanglie အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရုပ်သေး သဒ္ဒါသုမနဇာတ်တော်ကြီး မည်သူမဆို အခမဲ့ကြည့်ရှုနိုင်

နေပြည်တော် အောက်တိုဘာ ၂၂

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရုပ်သေး "သဒ္ဒါသုမန ဇာတ်တော်ကြီး"ကို ရေဆင်းတက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဆက်လက်ယှဉ်ပြိုင်ကြရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်းနှင့် အောက်တိုဘာ ၂၃ ရက်(ယနေ့)**တွင် ရန်ကုန်တိုင်း အောင်စည်တော်ရုပ်စုံအမြင့်သဘင်အဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်တို့ ကြိုးစားလေ့ကျင့်ပြင်ဆင် ယှဉ်ပြိုင်ကြပုံ အမှုမှု

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၂၂

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် အကြိတ်အနယ် ပါဝင်ဆင်နွှဲနေသော ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်အချို့၏ စကားသံများကို မြန်မာ့အလင်းပရိသတ်အတွက် တွေ့ဆုံမေးမြန်းဖော်ပြလိုက်ပါသည်။

ကရင်ပြည်နယ်မှ

စောင်းအတီးပြိုင်ပွဲဝင်

မခင်မိုးဟိန်း

"ဒီပြိုင်ပွဲကြီးဟာ သမီးအတွက် နိုင်ငံတော်အဆင့်ပြိုင်ပွဲကို ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်၊ စောင်းတီးခတ်မှုကို အခြေခံကျေညက်အောင် စနစ်တကျလေ့ကျင့်သင်ကြားခဲ့ပြီး အဆင့်ဆင့်ပြိုင်ပွဲတွေယှဉ်ပြိုင်ခဲ့ပြီးမှ ဒီပွဲကို ဝင်ရောက် ယှဉ်ပြိုင်တာဆိုတော့ အချိန်ပေးကြိုးစားခဲ့ရပါတယ်၊ အမျိုးသမီး အသက်(၁၅-၂၀)နှစ်တန်း အခြေခံစောင်းအတီးပြိုင်ပွဲမှာ အားရအောင်ယှဉ်ပြိုင်ခဲ့ရတော့ ပထမဆုရမယ်လို့ မျှော်လင့်ထားပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

အမျိုးသမီး ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ

ဝါသနာရှင်(ဒုတိယတန်း) အမျိုးသမီး ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဒေါ်နုနုလွင်နှင့်အဖွဲ့ ဤသို့ယှဉ်ပြိုင်ခဲ့ကြသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)